ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၄ ရက်၊ အင်္ဂါနေ့၊ (30-5-2006) (၄၉၇၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပဲခူးတိုင်း(အနောက်ပိုင်း)၌ နှမ်းစပါး၊ မိုးစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရာ၌ ရေရရှိရေး တာဝန်ရှိသူများပူးပေါင်း၍ တိုင်းအတွင်းရှိ ဆည်များမှ ရေပေးဝေနိုင်မှုကို စိစစ်ဆောင်ရွက်

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း သာယာဝတီခရိုင်နှင့် ပြည်ခရိုင်တို့၌ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း လက်ပံတန်းမြို့နယ် ကျွန်းကလေးကျေးရွာအုပ်စု ရွှေညောင်ပင်ကွင်း၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတွင် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ပေးအပ်စဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တာဝန်ရှိသူများလိုက်ပါ၍ မေ ၂၆ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီမြို့နယ် မီးနင်းချောင်းသို့ရောက်ရှိရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများနှင့် အတူ နံနက် ၉ နာရီ ၄၅ မိနစ်တွင် သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျွန်းကလေးကျေးရွာအုပ်စု ရွှေညောင်ပင်ကွင်း၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ လက်ပံတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်သိန်းက လက်ပံတန်းမြို့နယ်အတွင်း ကြက်ဆူပင်စိုက်ပျိုးမှုလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ အင်တာနက်သတင်း

အကိုက်အခဲပျောက်ဆေး နှလုံးထိခိုက်နိုင်

လန်ဒန် မေ ၂၈

အများသူငါ သုံးစွဲနေသော အိုင်ဘူပရိုဖန် (Ibuprofen) ကဲ့သို့သော အကိုက်ခဲပျောက်ဆေးမျိုးသည် အသက်ကြီးပိုင်းလူကြီးများ၏ နှလုံးကျန်းမာရေးကို ထိခိုက်စေနိုင်သည်ဆိုသော နောက်ဆုံးသုတေသနတွေ့ရှိချက်တစ်ခုကို မကြာမီက ထုတ်ဝေသည့် နှလုံးရောဂါဂျာနယ်တွင် ဖော်ပြထားသည်။

စာမျက်နှာ ၁၀ ကော်လံ ၆ သို့



ဆေးဆိုင်များတွင် ရောင်းချလျက်ရှိသော အိုင်ဘူပရိုဖန် အကိုက်အခဲပျောက်ဆေးဘူးကို တွေ့ရစဉ်။ (အင်တာနက်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၃၀-၅-၂၀၀၆
(အင်္ဂါနေ့)

မြန်မာ့ကျောက်စိမ်း၊ကျောက်မျက်နှင့်ပုလဲ အထူးရောင်းချပွဲ

မြန်မာနိုင်ငံ၏ ကျောက်မျက်ရတနာလုပ်ငန်းသည် ကျယ်ပြန့်စွာ တိုးတက်လာလျက်ရှိသည်။ ကျောက်မျက်ရတနာ တူးဖော်ခြင်းလုပ်ငန်းများကို ယခင်က နိုင်ငံတော်က အဓိကဆောင်ရွက်ခဲ့ပြီး ယခုအခါ တိုင်းရင်းသား ပုဂ္ဂလိက ကျောက်မျက်ရတနာ ကုမ္ပဏီများကပါ အကျိုးတူ ကျောက်မျက်၊ ကျောက်စိမ်း တူးဖော်ခြင်းလုပ်ငန်းများ လုပ်ကိုင်နေကြပြီ ဖြစ်သည်။

ကချင်ပြည်နယ် ဖားကန့်ဒေသနှင့် စစ်ကိုင်းတိုင်းရှိ ခန္တီးဒေသ တို့သည် ထင်ရှားကျော်ကြားသော ကျောက်စိမ်းထွက်ရှိရာ ဒေသများ ဖြစ်သည်။ ကျောက်စိမ်းထွက်ရှိရာ ဒေသများသည် နေရာဒေသ တစ်ခုစီဖြစ်သော်လည်း ကျောက်စိမ်းကြောကြီးများမှာ တစ်ဆက်တစ်စပ်တည်း ဖြစ်တည်နေသည်ဟုသိရသည်။

မိုးကုတ်ရတနာမြေသည် မြန်မာဘုရင်များလက်ထက်ကပင် ရတနာမြေအဖြစ် ထင်ရှားခဲ့သည်။ သဘာဝအလျောက် ဖြစ်တည်နေသော အဖိုးတန်ကျောက်မျက်ရတနာများကို နှစ်ပေါင်းရာချီ၍ ထုတ်လုပ်ခဲ့ပြီး ယနေ့တိုင်လည်း ထုတ်ယူသုံးစွဲနိုင်လျက်ရှိသည်။

မိုင်းရှူးရတနာမြေ၊ ပြင်လုံရတနာမြေတို့တွင်လည်း အကျိုးတူ တူးဖော်ခြင်းလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လျက်ရှိရာ မြန်မာ့ကျောက်စိမ်း၊ ကျောက်မျက်ထွက်ရှိမှု ပမာဏမှာ များပြားလှကြောင်းတွေ့ရသည်။

ကျောက်စိမ်း၊ ကျောက်မျက်ရတနာများနှင့်အတူ မြန်မာ့ပုလဲ ထွက်ရှိမှုမှာလည်း အားရဖွယ်ရာကောင်းသည်။ မြန်မာ့ပင်လယ်ပြင်၌ ပုလဲများကို နှစ်အတော်ကြာကပင် မွေးမြူထုတ်လုပ်လျက်ရှိပြီး ယခုအခါ စီးပွားရေးလုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းလုပ်ကိုင်လျက်ရှိရာ ပုလဲလုံးရေ သိန်းနှင့်ချီ၍ ထွက်ရှိနေပြီဖြစ်သည်။

၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကို ဇွန်လ ၂၀ ရက်နေ့မှ ဇူလိုင်လ ၄ ရက်နေ့အထိ ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာနှင့် ကျောက်မျက်ရတနာပြပွဲခန်းမတို့၌ ကျင်းပမည်ဟု သိရှိရသည်။

အဆိုပါ ကျောက်မျက်အထူးရောင်းချပွဲတွင် နိုင်ငံတော်က ကျောက်စိမ်း၊ ကျောက်မျက် လုပ်ကွက်များ လုပ်ကိုင် ခွင့်ပြုထားသော ကုမ္ပဏီများ၊ နိုင်ငံတော်နှင့်အကျိုးတူ ပူးပေါင်းလုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများက တူးဖော်ထုတ်လုပ်ရရှိထားသည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲများကို ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည်။

ယခုနှစ် ဖေဖော်ဝါရီလအတွင်းက မြန်မာ့ပုလဲ လေလံပွဲနှင့် မတ်လအတွင်းက (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲတို့ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်သည်။ မကြာမီ ကျင်းပတော့မည့် အထူးရောင်းချပွဲတွင် ရတနာကုန်သည်များ အကြိုက်တွေ့စေမည့် အရည်အသွေးကောင်း ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို တိုးမြှင့်ပြသရောင်းချသွားနိုင်မည်ဖြစ်ပါသည်။ ။

ဇွန်လ ပထမ ၁၀ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ရန်ကုန် မေ ၂၉

ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနိုင်သည်။

မိုးအခြေအနေများမှာ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်း တို့တွင် ရွာသွန်းမြဲထက်ပိုကာ ကျန် ပြည်နယ်နှင့် တိုင်းတို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တွင် ၂၄၀ စင်တီမီတာ (ရှစ်ပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းတိုင်းတို့တွင် ၁၈၀စင်တီမီတာ (ခြောက်ပေခန့်)၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၉၀စင်တီမီတာ (သုံးပေခန့်) လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၁၈၀စင်တီမီတာ (ခြောက်ပေခန့်)၊မော်လိုက်မြို့၊ကလေးဝ မြို့နှင့် မုံရွာမြို့တို့တွင် ၁၂၀စင်တီမီတာ (လေးပေခန့်) လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် သစ်အချောထည်စက်ရုံလုပ်ငန်းများ စစ်ဆေး

ရန်ကုန် မေ ၂၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် မေ၂၈ရက်နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ National Wood Industry ကုမ္ပဏီ သစ်အချောထည် စက်ရုံသို့ရောက်ရှိရာ စက်ရုံ၏အုပ်ချုပ်မှု ဒါရိုက်တာ ဦးကျော်ဝင်းက စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၊ သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်လွင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်တင်ပြကြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သစ်လုံးခွဲစိတ်ပုံအဆင့်ဆင့်နှင့် နိုင်ငံခြားတင်ပို့ရန် ထုပ်ပိုးထားသော သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် NWS ကုမ္ပဏီ သစ်အခြေခံစက်ရုံသို့ ရောက်ရှိလာရာ စက်ရုံမန်နေဂျင်း ဒါရိုက်တာ ဦးနေဝင်းဆွေက စက်ရုံ၏ သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်နှင့် နိုင်ငံခြားတင်ပို့ရန် ထုပ်ပိုးထားသော သစ်ခွဲသားများနှင့် တောင်ဒဂုံစက်မှုဇုန်မှ ထုတ်လုပ်သည့် သစ်အချောထည်စက်များကို လိုက်လံရှင်းလင်းပြသသည်။

ဖြည့်ဆည်း

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် တောင်ဒဂုံစက်မှုဇုန်(၁)ရှိ ဇမ္ဗူရတနာ သစ်အချောထည်စက်ရုံသို့ ရောက်ရှိလာရာ စက်ရုံ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးမြင့်က စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်နှင့် နိုင်ငံခြားသို့ တင်ပို့မည့်သစ်ခွဲသားများ ထုပ်ပိုးနေမှုတို့ကို လိုက်လံရှင်းလင်းပြသသည်။ ထို့နောက်ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် တောင်ဒဂုံ စက်မှုဇုန် (၁)ရှိ ဇမ္ဗူရတနာသစ်အချောထည် စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တောရေးရာ)

စီးပွား/ကူးသန်းဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း (၇)ကြိမ်မြောက် တရုတ်နိုင်ငံအနောက်ပိုင်းဒေသ အပြည်ပြည်ဆိုင်ရာ စီးပွားကုန်သွယ်ရေးပြပွဲမှ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၂၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးမြို့၌ ကျင်းပသည့် (၇)ကြိမ်မြောက် တရုတ်နိုင်ငံအနောက်ပိုင်းဒေသ အပြည်ပြည်ဆိုင်ရာ စီးပွားကုန်သွယ်ရေးပြပွဲနှင့် တရုတ်စီချွမ် အရှေ့တောင်အာရှ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်သို့ တက်ရောက်ခဲ့သော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ၂၈ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့အား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ မြန်မာကိုယ်စားလှယ်အဖွဲ့၏ မိသားစုဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံးအဖွဲ့မှူးဦးအောင်နိုင်ဦး၊မြန်မာ့ကြံလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးအောင်မြင့်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဌေးချွန် တို့လည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးမြို့တွင် ကျင်းပသည့် (၇)ကြိမ်မြောက် တရုတ်နိုင်ငံအနောက်ပိုင်းဒေသ အပြည်ပြည်ဆိုင်ရာ စီးပွားကုန်သွယ်ရေး ပြပွဲသို့ တက်ရောက်ခဲ့ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကင်းမြို့နယ် စာပေသုတဆွေးနွေး

ရန်ကုန် မေ ၂၉

ရန်ကင်းမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍စာပေသုတဆွေးနွေးပွဲကို လစဉ် ကျင်းပလျက်ရှိရာ မေလစာပေသုတဆွေးနွေးပွဲကို မေ ၂၈ရက် နံနက် ၈ နာရီက ရန်ကင်းတိုက် ၁၂ လုံးတန်း သဒ္ဓမ္မဘာဝိတဓမ္မာရုံတွင်ကျင်းပသည်။

ရှေးဦးစွာမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်အောင်ရွှေ (တင်အောင်ရွှေ-သုတေသီ)က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် စာရေးဆရာမကြူကြူသင်းက စာရေးရခြင်းအကြောင်းရင်းကို ဟောပြောသည်။ ထို့နောက် တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြသည်။

ရန်ကင်းမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ၂၀၀၇ ခုနှစ် ရန်ကင်းမဂ္ဂဇင်း ထုတ်ဝေမည်ဖြစ်၍ ကဗျာ၊ကာတွန်း၊ ဝတ္ထု၊ ဆောင်းပါး၊ စာညွှန့်များကို ဇွန် ၃၀ရက် နောက်ဆုံးထားပြီး မြို့နယ်အတွင်းရေးမှူး ဦးလှတိုး(တိုးထက်) အခန်း(၁၈)၊ တိုက်(၃၄၃)၊ အနောက်ရန်ကင်း၊ ဖုန်း-၇၂၂၅၇၂သို့ ဆက်သွယ်ပေးပို့ကြရန် နှိုးဆော်ထားသည်။

(က-ပ)

ပိုးသတ်ဆေးအကြောင်း သိကောင်းစရာ (၂)

ကိုရဲ (စိုက်ပျိုးရေး)

ပိုးသတ်ဆေးကို ကျန်းမာရေးနှင့် စိုက်ပျိုးရေးကဏ္ဍနှစ်ခုတွင် အသုံးပြုလျက်ရှိကြသည်။ ကျန်းမာရေးတွင် ကူးစက်ရောဂါ ဆောင်ယူသည့် ခြင်၊ယင်စသည်တို့ကို နှိမ်နင်းရန်သုံးသည်။ ကျန်းမာရေးအတွက် အသုံးပြုသော ပိုးသတ်ဆေးများကို ကုမ္ပဏီများက ရေရှည်ခံအောင်ထုတ်လုပ်ကြသည်။ ဥပမာ-ငှက်ဖျားရောဂါအတွက် ခြင်ဆေးဖျန်းရာတွင် တာရှည်ခံသော ပိုးသတ်ဆေးဖြစ်မှ ထိရောက်မှုရှိပြီး စီးပွားရေး အရလည်းတွက်ခြေကိုက်မည်။ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးများသည် ဓာတ်ပြိုကွဲမှုလျင်မြန်သော ဆေးများဖြစ်ကြသည်။ ကြာရှည်ခံပါက စီးပွားရေးအရ တွက်ချေကိုက်မည် ဖြစ်သော်လည်း ဓာတ်ကြွင်းအန္တရာယ်ကြောင့် သက်ရှိများနှင့် ပတ်ဝန်းကျင်အတွက် အန္တရာယ်ပိုမိုများပြားနိုင်သည်။

ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးများကို ထုတ်လုပ်စဉ်ကပင် ကြာရှည်မခံအောင်နှင့် ပတ်ဝန်းကျင် အန္တရာယ်နည်းပါးအောင် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ထုတ်လုပ်ကြရသည်။ ဤသည်မှာ ကျန်းမာရေးအတွက်နှင့် စိုက်ပျိုးစားသုံးမှုအတွက်ထုတ်လုပ်သော ပိုးသတ်ဆေးတို့၏ အဓိက ခြားနားချက်ဖြစ်သည်။

မည်သည့်ပိုးသတ်ဆေးမဆို အသုံးပြုရန်အညွှန်းပါရှိသည်။ အသုံးမပြုမီ အညွှန်းကိုဖတ်ရသည်။ အညွှန်းတွင် ဖော်ပြထားသည့်အတိုင်း လိုက်နာကျင့်သုံးရသည်။ ရိတ်သိမ်းဆွတ်ခူးရမည့်အချိန်နှင့် နောက်ဆုံးဆေးဖျန်းရမည့်အချိန် ညွှန်ကြားချက်ကို စိုက်ပျိုးထုတ်လုပ်သူများ တိတိကျကျလိုက်နာပါက စားသုံးသီးနှံတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု မရှိနိုင်ပေ။

ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်သောသီးနှံကို စားသုံးခြင်းဖြင့် ရုတ်တရက် သေဆုံးနိုင်မည်မဟုတ်သော်လည်း ခန္ဓာကိုယ်အတွင်း တစ်စတစ်စ ဓာတ်ကြွင်းများပြားလာရာမှ ဦးနှောက်နှင့်အာရုံကြော၊ အသည်း၊ မျိုးပွားမှုအင်္ဂါအဖွဲ့အစည်း၊ သန္ဓေသားနှင့်အရေပြားရောဂါ၊ ကင်ဆာတို့ဖြစ်နိုင်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့မှ ကျွမ်းကျင် ပညာရှင်များ သတ်မှတ်ထားသော ပိုးသတ်ဆေးဓာတ်ကြွင်းပမာဏထက် ပိုမို၍ပါဝင်နိုင်သော အကြောင်းရင်းများကို သုံးသပ်ရာတွင် အောက်ပါအချက်များအား ဂရုပြုရန် လိုအပ်ကြောင်း တွေ့ရှိရသည်-

- **ကျရောက်သော ဖျက်ပိုးအပေါ် အသုံးပြုရန် ထိရောက်မှုရှိသည့် ပိုးသတ်ဆေးရွေးချယ်ရာတွင် မမှန်ကန်ခြင်း၊**
- **ပိုးသတ်ဆေး နှုန်းထားကို လိုအပ်သည်ထက် ပိုမိုသုံးခြင်း၊**
- **မလိုအပ်ဘဲ ပိုးသတ်ဆေးသုံးခြင်း၊**
- **နောက်ဆုံးဆေးဖျန်းသည့်အချိန်နှင့် ရိတ်သိမ်းဆွတ်ခူးချိန် ကြားကာလ တိုတောင်းခြင်း၊**
- **အသုံးပြုသော ဆေးဖျန်းပုံး၊ ဆေးဖျန်းပိုက်၊ နော်ဇယ်ခေါင်းများ ယိုယွင်းပျက်စီး၍ ဆေးများလိုသည်ထက် ပိုမိုထွက်ခြင်း၊**
- **စံချိန်စံညွှန်းမကိုက်သည့် ပိုးသတ်ဆေးသုံးခြင်း၊**
- **အသုံးမပြုမီ အညွှန်းစာကို သေချာစွာ မဖတ်ရှု၍ ဆေးဖျော်ရည်ရောစပ်မှုစနစ် မမှန်ကန်ခြင်း၊**
- **မိမိစိုက်ခင်းဆေးဖျန်းစဉ် စနစ်မကျမှုကြောင့် အခြားစိုက်ခင်း၊ စိုက်ကွင်းများသို့ ဆေးမှုန့် ဆေးစက်များ လွင့်ပါကျရောက်ခြင်း၊**
- **အသုံးပြုပြီးပိုလျှံသည့် ဆေးရည်၊ ဆေးပုံး၊ ဆေးပုလင်းများကို စနစ်တကျ မစွန့်ပစ်ခြင်းတို့ဖြစ်သည်။**

မြန်မာနိုင်ငံတွင် ပိုးသတ်ဆေးအန္တရာယ် ကင်းရှင်းရေးအတွက် အဆိပ်ပြင်းထန်မှုနည်းသော ပိုးသတ်ဆေးများကိုသာ မှတ်ပုံတင် တင်သွင်းရောင်းချသုံးစွဲခွင့်ပြုပါသည်။ ပိုးသတ်ဆေးများ၏ အဆိပ်ပြင်းထန်မှုအပေါ်အခြေခံ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတန်းအစား လေးမျိုးခွဲခြားထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် အဆိပ်ပြင်းထန်သော ပိုးသတ်ဆေးများကို သုံးစွဲခွင့်မပြုပေ။

ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိအောင်၊ သက်ရှိမျိုးနွယ်များ အန္တရာယ်မဖြစ်အောင် အဆိပ်ပြင်းသော ပိုးသတ်ဆေးများကို ကမ္ဘာမြေမှ အပြီးအပိုင်ဖယ်ရှားပစ်ရန် ဆွီဒင်နိုင်ငံစတော့ဟုမ်းမြို့တွင် အပြည်ပြည်ဆိုင်ရာ ညီလာခံကျင်းပခဲ့သည်။ အဆိုပါညီလာခံမှ ဓာတုဗေဒပစ္စည်း၁၂မျိုးကို ကမ္ဘာမြေပေါ်တွင် ထုတ်လုပ် အသုံးမပြုရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။ ဓာတုဗေဒပစ္စည်း၁၂မျိုးတွင် ကိုးမျိုးသည် ပိုးသတ်ဆေးများ ဖြစ်သည်။ ကျန်သုံးမျိုးသည် စက်ရုံသုံး ဓာတုပစ္စည်းများဖြစ်သည်။

တောင်သူအများစုသိကြသည့် အင်ဒရင်း၊ အော်ဒရင်း၊ ဒယ်လ်ရင်း၊ ဒီဒီတီစသည့်ပိုးသတ်ဆေးလေးမျိုးကို ယခင်က မြန်မာနိုင်ငံတွင် အသုံးပြုခဲ့ကြသည်။ ၁၉၉၄ခုနှစ်နောက်ပိုင်း ကျန်းမာရေးဌာနမှ ငှက်ဖျားရောဂါကာကွယ်ရေးအတွက် ဒီဒီတီကို ကျွမ်းကျင်သူများ၏ ကြီးကြပ်မှုအောက်တွင် ခြွင်းချက်ဖြင့် သုံးခွင့်ပြုခဲ့သည်။ ကျန်ရှိသည့် ဆေးသုံးမျိုးမှာ စိုက်ပျိုးရေးလုပ်ငန်းသုံးအဖြစ်မှ အပြီးတိုင် ပိတ်ပင်ခဲ့သည်။

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့မှ ၁၉၈၀ ပြည့်နှစ်တွင် ဓာတုပစ္စည်းတင်ပို့သုံးစွဲခြင်းနှင့် ပတ်သက်၍ သတင်းဖလှယ်ရေး အစီအစဉ်ကို အစပျိုးခဲ့သည်။ ၁၉၈၅ခုနှစ်တွင် နိုင်ငံတကာလိုက်နာရမည့် ကျင့်ဝတ်များပြဋ္ဌာန်းခဲ့သည်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီ မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည်။ အများပြည်သူအတွက် အန္တရာယ်ပေးနိုင်သောပိုးသတ်ဆေးများကို ဥပဒေဖြင့် ပိတ်ပင်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် လက်ရှိအသုံးပြုနေသော ပိုးသတ်ဆေးများကို စနစ်တကျ အသုံးပြုပါက ပတ်ဝန်းကျင်နှင့် လူ၊ တိရစ္ဆာန်များကို အန္တရာယ်မဖြစ်စေနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိအောင်၊ သက်ရှိမျိုးနွယ်များ အန္တရာယ်မဖြစ်အောင် အဆိပ်ပြင်းသော ပိုးသတ်ဆေးများကို ကမ္ဘာမြေမှ အပြီးအပိုင်ဖယ်ရှားပစ်ရန် ဆွီဒင်နိုင်ငံစတော့ဟုမ်းမြို့တွင် အပြည်ပြည်ဆိုင်ရာညီလာခံကျင်းပခဲ့သည်။ အဆိုပါညီလာခံမှ ဓာတုဗေဒပစ္စည်း၁၂မျိုးကို ကမ္ဘာမြေပေါ်တွင် ထုတ်လုပ်အသုံးမပြုရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။ ဓာတုဗေဒပစ္စည်း ၁၂မျိုးတွင် ကိုးမျိုးသည် ပိုးသတ်ဆေးများ ဖြစ်သည်။ ကျန်သုံးမျိုးသည် စက်ရုံသုံး ဓာတုပစ္စည်းများဖြစ်သည်။

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ်လူနာ လက်ခံကုသဆောင်အတွက် အလှူရှင် မောင်ကျော်သီဟနှင့် ညီမ မသီရိဆွေတို့က အလှူငွေကျပ် ၂၃သိန်းကို ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးအတွက် မေ့ဆေးပေးစက်နှင့် လူနာအထောက်အကူပြုစက် လှူဒါန်း

ရန်ကုန် မေ ၂၉

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ်လူနာလက်ခံကုသဆောင်အတွက် ငွေကျပ် ၆၃ သိန်း တန်ဖိုးရှိ မေ့ဆေးပေးစက်နှင့် လူနာအထောက်အကူပြု အချက်ပေးစက် (Patient Monitor) စက်တစ်စုံတို့အတွက် စေတနာရှင် မိသားစု ငါးဦးတို့က စုပေါင်းပေးအပ်လှူဒါန်းပွဲကို မေ ၂၄ရက်တွင် အဆိုပါ ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်း၊ ဒုတိယဆေးရုံအုပ် ဒေါက်တာ ဒေါ်တင်တင်မိုး၊ သူနာပြုအုပ် ဒေါ်ခင်ရည်၊ ပါမောက္ခ ခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာစိန်မြင့်၊ မေ့ဆေးပါမောက္ခ ဒေါက်တာ ဒေါ်ခင်မော်၊ နှလုံးခွဲစိတ်ပါမောက္ခ ဒေါက်တာ ခွန်စိုးမိုး၊ ဓာတ်မှန်ပါမောက္ခ ဒေါက်တာဉာဏ်ထွန်းနှင့် တာဝန်ရှိသူများနှင့် အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

လှူဒါန်းပွဲတွင် အလှူရှင် ရန်ကုန်မြို့မှ မောင်ကျော်သီဟနှင့် ညီမ မသီရိဆွေ မောင်နှမနှစ်ဦးတို့က ငွေကျပ် ၂၃ သိန်း၊ မန္တလေးမြို့မှ ဦးရဟိုင်း-ဒေါ်အေးရင်မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဦးသန်းရွှေ-ဒေါ်တင်တင်အုန်း (Ever Green) ကုမ္ပဏီက ငွေကျပ် ၁၀ သိန်း၊ ဦးဌေးလွင်-ဒေါ်ဌေးဌေးမြင့်(ဌေးမြန်မာကုမ္ပဏီမိသားစု)က ငွေကျပ် ၁၀ သိန်းနှင့် ဦးမောင်စိန် မိသားစုက ငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ် ၆၃ သိန်းကို ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီးက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းများကို ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်ဝမ်းမြောက် ဂုဏ်ပြုစကား ပြောကြားသည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် လမ်းမတော်လမ်း သံဈေးမှ ဖခင် ဦးရွှေဝင်း-ဒေါ်မြစိန် (ဌာနစုမှူး-ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)တို့၏ မွေးနေ့ အထိမ်းအမှတ်အတွက် သား ဒေါက်တာ ဌေးလွင်၊ ဦးခင်မောင်လွင် (နိုင်ငံခြားရေးရုံး)၊ ဒေါက်တာဝင်းလွင်နှင့် သားသမီး၊ မြေးတစ်စုက ငွေကျပ် ၁၁၀၀၀၀ကို အဖွဲ့ဝင် ဒေါက်တာအောင်ချိုထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ ၉၁ (ဖြတ်လမ်း)နေ ဦးခင်မောင်ဝင်း၊ ဦးကျော်နီ၊ ဦးထွန်းနိုင်နှင့် သားသမီး မြေး၊ မြစ်များက ကွယ်လွန်သူ ဒေါ်ချစ်ချစ်၊ ဦးငွေဆိုင်(ဝါးခယ်မ)တို့အား ရည်စူး၍ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးသန်းထွန်း လက်ခံယူစဉ်။ (က-ပ)

ထောက်ပံ့ကြေးပေးအပ်

ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ သားသမီးများအတွက် ၂၀၀၆ ခုနှစ် ပညာသင် ထောက်ပံ့ကြေး ငွေကျပ် ၁၀၃၀၀၀ ပေးအပ်ပွဲကို မေ ၂၃ရက်ကကျင်းပရာ ခရိုင် အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင် အမှာစကား ပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအား တစ်ဦးချင်း ပေးအပ်စဉ်။ (၆၁)

တိုကျိုပင်လယ်အော်တွင် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် လေ့ကျင့်နေသော ဂျပန်ကမ်းခြေစောင့်တပ်မှ ရဟတ်ယာဉ် တစ်စင်းကို မေ ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှား၌ လူတစ်ဦးမှတစ်ဦးသို့ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှု ဖြစ်ပွားဟုဆို

ဂျကာတာ မေ ၂၇

အင်ဒိုနီးရှားနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုးသည် လူတစ်ဦးမှတစ်ဦးသို့ ကူးစက်မှုဖြစ်ပွားနေသည်ဟု မိမိထင်မြင်ကြောင်း အင်ဒိုနီးရှားမှ ကြက်ငှက်တုပ်ကွေးရောဂါ သုတေသီ စီအေနီဒုမ်က ပြောကြားသည်။

လူအချင်းချင်းသို့ ကြက်ငှက်တုပ်ကွေး ရောဂါကူးစက်မှုသည် အင်ဒိုနီးရှားနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသည်ဟု မိမိယုံကြည်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် H5 N1 ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးမှ စတင်ဖြစ်ပွားခဲ့သည့် ရောဂါပိုးမျိုးကဲ့သို့ H3 N2 နှင့် H1 N1 ဗိုင်းရပ်စ်ပိုးမျိုး ဖြစ်ပွားနေသည့် စမ်းသပ်ချက်များအရ တွေ့ရှိခဲ့၍ ဖြစ်ကြောင်း၊ သို့ရာတွင် တန်ဂျာရန်မြို့တွင်အီဝန်ဆိုသူ သေဆုံးခဲ့သည့်နောက်ပိုင်းတွင် ကြက်မှ လူသို့ ကူးစက်သည့် ပုံစံမျိုးရှိခဲ့သည့် အထောက်အထားမျိုး ထပ်မံမတွေ့ခဲ့ရကြောင်း ၎င်းက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းမြောက်ပိုင်းဒေသရှိ တာနာကာရိုခရိုင် ကူဘူဆင်ဘီလန် ကျေးရွာတွင် လူအချင်းချင်း ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)မှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦး၏ ကြေညာချက်အပေါ် တုံ့ပြန်သည့်အနေဖြင့် သုတေသီဖြစ်သူ စီအေနီဒုမ်က ပြောကြားသည်။ ၎င်းသည် အဲယားလန်ဂါတက္ကသိုလ်မှ အပူပိုင်းဒေသဆိုင်ရာ ရောဂါဗေဒဌာနမှ သုတေသီတစ်ဦးဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

အင်ဒိုနီးရှား မြေငလျင်ဒုက္ခသည်များ ကယ်ဆယ်ရေး အင်တာနက်နှင့် ဂြိုဟ်တုဖုန်း အသုံးပြု၍ ဆောင်ရွက်မည်

ဂျကာတာ မေ ၂၈

အင်ဒိုနီးရှား မြေငလျင်ဒုက္ခသည်များအား အကူအညီပေးနိုင်ရေးအတွက် အင်တာနက် အသုံးပြုဆောင်ရွက်သွားရန် အင်ဒိုနီးရှား ကြက်ခြေနီအဖွဲ့က ပြင်ဆင်ထားရှိပြီးဖြစ်ကြောင်း ကြက်ခြေနီအဖွဲ့ တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံရှိ ရှေးဟောင်းမြို့ကြီးဖြစ်သော ဂျော့ဂျ်ဂျကာတာနှင့် ဂျာဗားကျွန်းအလယ်ပိုင်း ပြည်နယ်ရှိ ဒေသအချို့တွင် စနေနေ့ နံနက်ပိုင်းက မြေငလျင်လှုပ်ခဲ့ပြီးနောက် ဒုက္ခသည်များအား အကူအညီ ပေးနိုင်ရန် အင်တာနက်နှင့် ဂြိုဟ်တုဖုန်းများကို အသုံးပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားကြက်ခြေနီ အဖွဲ့မှ ပျောက်ဆုံးသူရှာဖွေရေးနှင့် အကြောင်းကြားရေးဌာနအကြီးအကဲ ဒီဒီဆာယာဒီက ပြောကြားသည်။

မြေငလျင်လှုပ်မှုကြောင့် ပျောက်ဆုံးသွားခဲ့ရသော မိသားစုဝင်များကို ရှာဖွေနေသော ဆွေမျိုးသားချင်းများအား အကူအညီပေးသည့် လုပ်ငန်းအတွက် အင်တာနက်နှင့် ဂြိုဟ်တုဖုန်းများ အသုံးပြုဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ မြေငလျင် ဒုက္ခသည်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ အခြားသော အရပ်ဒေသများရှိ ဆွေမျိုးသားချင်းများနှင့် ဆက်သွယ်နိုင်ရန် ဂြိုဟ်တုဖုန်းများ ထားရှိပေးမည်ဖြစ်ကြောင်း ဆာယာဒီက ပြောကြားသည်။

အင်ဒိုနီးရှား ကြက်ခြေနီအဖွဲ့သည် ယခုအခါ ဆေးရုံများ၌ ဆေးဝါးကုသမှုခံနေရသော ငလျင်ဒုက္ခသည်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များ စုဆောင်းရယူလျက်ရှိသည်။ ငလျင်ကြောင့် ဆွေမျိုးသားချင်းများ သေဆုံးရမှုနှင့် ဒဏ်ရာရမှု ရှိ၊ မရှိ သိရှိလိုသူများအတွက် ပြန်ကြားပေးနိုင်ရန် သတင်းအချက်အလက်များ စုဆောင်းပေးနိုင်ကြောင်း ဆာယာဒီက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် နောက်ဆုံးလှုပ်ခဲ့သော မြေငလျင်ကြောင့် သေဆုံးရသူဦးရေမှာ မေ ၂၈ ရက်တွင် ၄၃၀၀ အထိ ရောက်ရှိသွားပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံတွင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ဘန်တူအရပ်မှ အဆောက်အအုံ အချို့ကို မေ ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စီးပွားရေးပေါင်းစည်းမှု မဟာဗျူဟာ ချမှတ်ရန် အမေရိက အလယ်ပိုင်းနိုင်ငံများအား တိုက်တွန်း

ပါရီ မေ ၂၈

အမေရိကတိုက် အလယ်ပိုင်းဒေသနိုင်ငံများသည် စီးပွားရေးပေါင်းစည်းမှု မဟာဗျူဟာများ ရေးဆွဲချမှတ်ဆောင်ရွက်ရန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုအဖွဲ့ (အိုအီးစီဒီ)က သောကြာနေ့တွင် တိုက်တွန်းလိုက်သည်။

အမေရိကတိုက် အလယ်ပိုင်းဒေသနိုင်ငံများ၏ စီးပွားရေးပေါင်းစည်းမှု အစီအစဉ်အရ ဒေသတွင်းနိုင်ငံများ ပါဝင်လှုပ်ရှားမှုတိုးမြှင့်နိုင်စေရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် လိုအပ်ကြောင်း၊ ဒေသတွင်းရှိ နိုင်ငံများသည် ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်း၊ ထောက်ပံ့နှင့် ပို့ဆောင်ရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်းနှင့် အင်ဂျင်နီယာလုပ်ငန်းတို့ကို မြှင့်တင်သင့်ကြောင်း၊ သို့မှသာ ယင်း နိုင်ငံများ၏ သဘာဝအရင်းအမြစ်များကို ထိထိရောက်ရောက် အသုံးပြုလာနိုင်မည်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံ ပါရီ အခြေစိုက် အိုအီးစီဒီအဖွဲ့က ထုတ်ပြန်သော အစီရင်ခံစာတွင် တိုက်တွန်း ရေးသားထားသည်။

အမေရိကတိုက် အလယ်ပိုင်းနိုင်ငံများတွင် စီးပွားရေးအဆင့်အတန်းအရ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကွာဟမှုရှိနေသည်။ ဆင်းရဲမွဲတေမှုနှုန်း ကြီးမားနေပြီး မြို့ပြနှင့် ကျေးလက်စီးပွားရေးအရ ခြားနားမှုများရှိနေကြောင်း၊ ဒေသတွင်းရှိ နိုင်ငံများသည် စီးပွားရေး ဖွံ့ဖြိုးမှုအတွက် ပညာရေးနှင့် အလုပ်သမားများအား လေ့ကျင့်သင်ကြားပေးမှုများကို မြှင့်တင်သင့်ကြောင်း အဆိုပါ အစီရင်ခံစာတွင် အကြံပြုဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန်၏ နျူကလီးယားစွမ်းအင် အစီအစဉ် ငြိမ်းချမ်းစွာ အသုံးပြုခွင့်ရှိဟု မူရှာရက်ဖ် ပြောကြား

အစ္စလမ္မာဘတ် မေ ၂၈

အီရန်နိုင်ငံသည် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)၏ ကြီးကြပ်မှုအောက်တွင် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် အသုံးပြုနိုင်သည့် အခွင့်အရေးရှိကြောင်း ပါကစ္စတန်သမ္မတ ဗိုလ်ချုပ်ကြီး ပါဗက်ဇ်မူရှာရက်ဖ်က သောကြာနေ့တွင် ပြောကြားလိုက်သည်။

လက်ခံနိုင်ခြင်းမရှိ

သမ္မတ မူရှာရက်ဖ်သည် ပါကစ္စတန်နိုင်ငံသို့ရောက်ရှိနေသော အီရန် ဒုတိယသမ္မတ ပါဗစ်ဒါဗူဒီနှင့် တွေ့ဆုံဆွေးနွေးရာတွင် ယင်းသို့ တိုက်တွန်းလိုက်ခြင်းဖြစ်သည်။ ဒါဗူဒီသည် ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့၏ ပူးတွဲစီးပွားရေးကော်မရှင် အစည်းအဝေးတက်ရောက်ရန် မြို့တော် အစ္စလမ္မာဘတ်သို့ ရောက်ရှိနေသည်။အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ပေါ်ပေါက်နေသော ပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းရန် ပါကစ္စတန်က လိုလားကြောင်း၊ ကမ္ဘာ့နိုင်ငံများအတွင်း ထိပ်တိုက်ရင်ဆိုင်ရမှုများကို ရှောင်ရှားသင့်ပြီး တစ်ဖက်နှင့်တစ်ဖက် အပေးအယူ အလျှော့အတင်း ရှိသင့်ကြောင်း မူရှာရက်ဖ်က အီရန် ဒုတိယသမ္မတအား ပြောကြားသည်။

အီရန်နိုင်ငံသည် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် အသုံးပြုနိုင်ခွင့်ရှိသော်လည်း နျူကလီးယားလက်နက်များ ထုတ်လုပ်ခြင်းကိုမူ ပါကစ္စတန်နိုင်ငံက လက်ခံနိုင်ခြင်းမရှိကြောင်း မူရှာရက်ဖ်က အလေးအနက် ပြောကြားသည်။

အီရန်နိုင်ငံ၏ ကာကွယ်ရေး မဟာဗျူဟာတွင် နျူကလီးယားလက်နက်များအတွက် နေရာမရှိဟု ဒါဗူဒီက ပြောကြားကြောင်း ဆွေးနွေးပွဲအပြီး ထုတ်ပြန်သော ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

စပိန်နိုင်ငံမှ နွားရိုင်းသတ်ပွဲတစ်ပွဲကို မေ ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သြစတြီးယားနှင့်တရုတ် သံတမန်ဆက်ဆံရေးထူထောင်မှု ၃၅ နှစ်ပြည့်မြောက်

ဗီယင်နာ မေ ၂၈

သြစတြီးယားနှင့် တရုတ်နိုင်ငံတို့ သံတမန်ဆက်ဆံရေး ထူထောင်မှု ၃၅နှစ်ပြည့် နှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားကို သြစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် သောကြာနေ့က ကျင်းပသည်။

တရုတ်နိုင်ငံနှင့် သြစတြီးယားနိုင်ငံတို့သည် လူမှုရေးစနစ်များ ကွဲပြားခြားနားနေလင့်ကစား နယ်ပယ်ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြင့်မားတိုးတက်လျက်ရှိကြောင်းသြစတြီးယား နိုင်ငံခြားရေးဝန်ကြီး ဟန်ဝင်ကလာက အဆိုပါ အခမ်းအနား၌ ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တော် ကက်ပီတော်ဟီးလ်အဆောက်အအုံတွင် လုံခြုံရေးသတိပေးစနစ်မှားယွင်းအချက်ပေးခဲ့သဖြင့် ရဲကားများရောက်ရှိလာသည်ကို မေ ၂၇ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဥပဒေမဲ့ ငါးဖမ်းဆီးမှု တိုက်ဖျက်ရန် အစိုးရအဖွဲ့များအား တိုက်တွန်း

ကုလသမဂ္ဂ မေ ၂၈

ကမ္ဘာ့ပင်လယ်သမုဒ္ဒရာများတွင် ပင်လယ်ငါးများ ကျက်စားနေထိုင်တည်ရှိမှု တစ်စတစ်စ ယုတ်လျော့လာနေသဖြင့် တရားဥပဒေမဲ့ ငါးဖမ်းဆီးမှုများကို တိုက်ဖျက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ကုလသမဂ္ဂ ညီလာခံ သို့ တက်ရောက်နေသော ကိုယ်စားလှယ်များက အစိုးရအဖွဲ့များနှင့် ဒေသ ဆိုင်ရာ ရေလုပ်ငန်းစီမံခန့်ခွဲရေးမှူးများအား သောကြာနေ့တွင် တိုက်တွန်းလိုက်သည်။

ကမ္ဘာတစ်ဝန်းရှိ ပင်လယ်များတွင် ငါးဖမ်းဆီးနေသော ရေယာဉ်များအားလုံးကို ဂြိုဟ်တုမှတစ်ဆင့် ထောက်လှမ်းသိရှိနိုင်စေရန် ယင်းရေယာဉ်များ၌ လိုအပ်သော စက်ကိရိယာပစ္စည်းများ တပ်ဆင်ထားသင့်သည်ဟု အဆိုပါ ကုလသမဂ္ဂညီလာခံတွင် နိုင်ငံပေါင်း ၅၇နိုင်ငံမှ ကိုယ်စားလှယ်များက အတည်ပြုခဲ့ကြသည်။

ဥပဒေမဲ့ ငါးဖမ်းဆီးမှု ရှိ၊ မရှိ လေ့လာဖော်ထုတ်နိုင်စေရန် လွတ်လပ်သော လေ့လာစောင့်ကြည့်ရေးမှူးများ ထားရှိသည့် စနစ်ကျင့်သုံးရန် လည်းကောင်း၊ ဆိပ်ကမ်းများသို့ ပြန်လည်ရောက်ရှိလာသော ငါးဖမ်းရေယာဉ်များသည် ၎င်းတို့ ဖမ်းဆီးရမိခဲ့သော ငါးများနှင့်ပတ်သက်၍ တရားဥပဒေနှင့်အညီ ဖမ်းဆီးခဲ့ပုံကို ဖော်ထုတ်နိုင်သည့် စနစ်များ ချမှတ်ဆောင်ရွက်ရန် လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ အစိုးရအဖွဲ့များနှင့် ရေလုပ်ငန်း စီမံခန့်ခွဲရေးမှူးများအား တိုက်တွန်းသည်။

သို့ရာတွင် ရက်သတ္တတစ်ပတ်ကြာကျင်းပခဲ့သော ကုလသမဂ္ဂညီလာခံတွင် ကမ္ဘာတစ်ဝန်း၌ ငါးဖမ်းရေယာဉ်များက အလွန်အကျွံ ငါးဖမ်းဆီးပေးနိုင်သည့် ပြဿနာကို ဖြေရှင်းနိုင်ရန် နည်းလမ်းများဖော်ထုတ်နိုင်ခြင်းမရှိကြောင်း အမေရိကန်နိုင်ငံမှ ပင်လယ်သမုဒ္ဒရာများနှင့် ရေလုပ်ငန်းများဆိုင်ရာ သံတမန် ဒေးဗစ်ဘော်လ်တန်က ပြောကြားသည်။ ၎င်းသည် ကုလသမဂ္ဂ ညီလာခံတွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။

စီးပွားဖြစ် ပင်လယ်ငါးဖမ်းဆီးသော ရေယာဉ်များသည် ခေတ်မီငါးဖမ်းကိရိယာများ တပ်ဆင်ထားခြင်းကြောင့် ငါးများကို အလွန်အကျွံဖမ်းဆီးနိုင်စွမ်းရှိကြောင်း၊ ငါးအလွန်အကျွံဖမ်းဆီးခြင်းကြောင့် ပင်လယ်သမုဒ္ဒရာများရှိ ငါးသယံဇာတ တည်ရှိမှု ဆုတ်ယုတ်လာစေရန် ခြိမ်းခြောက်လျက်ရှိကြောင်း၊ သို့ရာတွင် ငါးဖမ်းရေယာဉ်အရေအတွက်ကို လျှော့ချရေးကိစ္စ၌ ချမ်းသာသော နိုင်ငံများနှင့် ဆင်းရဲသောနိုင်ငံများ သဘောထားကွဲလွဲလျက်ရှိကြောင်း ဘော်လ်တန်က ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ယူဂန္ဓာနိုင်ငံတွင် ရေနံ ရှာဖွေတွေ့ရှိ

ကမ်ပါလာ မေ ၂၈

ယူဂန္ဓာနိုင်ငံတွင် ရေနံစူးစမ်းရှာဖွေနေသော သြစတြေးလျကုမ္ပဏီတစ်ခုသည် အဲလ်ဘတ် ရေကန်ကြီးဒေသတွင် ရေနံတွင်းတစ်တွင်းကို ရှာဖွေတွေ့ရှိကြောင်း “နယူးဗီးရှင်း” အမည်ရှိ သတင်းစာက စနေနေ့တွင် ရေးသားဖော်ပြသည်။

သြစတြေးလျနိုင်ငံမှ ဟတ်ဒ်မင်းရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီသည် အဲလ်ဘတ်ကန်တော်ကြီးဒေသတွင် ရေနံတွင်းတစ်တွင်းကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် လွန်ခဲ့သည့် ရက်သတ္တပတ်က လိုအပ်သည့် စမ်းသပ်မှုများကို ပြုလုပ်လျက်ရှိကြောင်း ယူဂန္ဓာစွမ်းအင်ဝန်ကြီးဌာန တာဝန်ရှိသူ အားနက်စ်ရှဘွန်ဒိုက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နယ်စပ်လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရန် ရုရှားနှင့် တာဂျီကစ္စတန် သဘောတူ

မော်စကို မေ ၂၈

ရုရှားနှင့် တာဂျီကစ္စတန်နိုင်ငံတို့သည် နယ်စပ်ဒေသလုံခြုံရေး၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးသယ်ဆောင်မှု နှိမ်နင်းရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ရန် သောကြာနေ့တွင် ကတိပြုလိုက်ကြကြောင်း ရုရှားအီတာတာ့စ်သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

ချမှတ်

ရုရှားနှင့် တာဂျီကစ္စတန်နိုင်ငံတို့သည် နယ်စပ်ဒေသ လုံခြုံရေး ပူးပေါင်း ဆောင်ရွက်မှု အစီအစဉ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံတောင်ပိုင်းရှိ အပန်းဖြေစခန်းတည်ရှိရာ ဆိုချီမြို့တွင် သမ္မတ ဗလာဒီမာပူတင်နှင့် တာဂျီကစ္စတန် သမ္မတ အမ်မိုမာလီရက်မိုနော့ဗ်တို့ တွေ့ဆုံဆွေးနွေးပြီးနောက် ရုရှားခေါင်း ဆောင်က ပြောကြားသည်။

လေ့ကျင့်သင်ကြားမည်

ရုရှားနိုင်ငံသည် တာဂျီကစ္စတန်နိုင်ငံ၏ နယ်စပ်ဒေသလုံခြုံရေးအတွက် နယ်ခြားစောင့် တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးခြင်း၊ နည်းပညာထောက်ပံ့ပေးခြင်းနှင့် စက်ကိရိယာများ ပံ့ပိုးပေးခြင်းတို့ ပြုလုပ်သွားမည်ဖြစ်ကြောင်း သမ္မတပူတင်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ပူးပေါင်း

တာဂျီကစ္စတန်နိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံနှင့် ရှည်လျားသော နယ်စပ်ဒေသချင်းထိစပ်လျက်ရှိသည်။ ရုရှားနိုင်ငံ၏ အကူအညီဖြင့် လွတ်လပ်သောနေသဟာယအဖွဲ့ဝင် နိုင်ငံများ အချင်းချင်း နယ်စပ်ဒေသ လုံခြုံရေး ကိစ္စကို ပူးပေါင်းဆောင်ရွက်နိုင်မည် ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘင်္ဂလားဒေ့ရှ်သို့ ယူအေအီးရေနံထောက်ပံ့မည်

ဒါကာ မေ ၂၇

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လျှော့ဈေးဖြင့် ရေနံထောက်ပံ့ရန် သဘောတူညီလိုက်သည်။ အဘူဒါဘီမြို့၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် ခါလီဒါဇီယာနှင့် ယူအေအီးစော်ဘွား ရှိတ်ခါလီဖာဘင်ဇာယက် အယ်လ်နာယန်းတို့ တွေ့ဆုံဆွေးနွေးစဉ် သဘောတူညီခဲ့ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် ခါလီဒါဇီယာသည် ယူအေအီးစော်ဘွား အယ်လ်နာယန်း၏ ဖိတ်ကြားချက်အရ အင်္ဂါနေ့တွင် ယူအေအီးသို့ နှစ်ရက်ကြာ သွားရောက်ခဲ့သည်။ ဇီယာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကြာသပတေးနေ့တွင် ပြန်လည်ရောက်ရှိသည့်အခါ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးအတွင်းဝန် ဟီမာယီတူဒင်က ယင်းသဘောတူညီချက်ကို ထုတ်ပြန်ကြေညာခဲ့သည်။

နှစ်နိုင်ငံ ခေါင်းဆောင်များသည် နှစ်နိုင်ငံအကျိုးတူ ဆက်ဆံရေးကိစ္စရပ်အများအပြားကို ဆွေးနွေးခဲ့ကြကြောင်း ဟီမာယီတူဒင်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မလေးရှားနိုင်ငံကွာလာလမ်ပူမြို့တွင် ပြုလုပ်သော အပြည်ပြည်ဆိုင်ရာကားပြပွဲကို မေ ၂၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ထိုင်း ရေဘေးဒုက္ခသည်များအတွက် စင်ကာပူ ထောက်ပံ့မည်

စင်ကာပူ မေ ၂၈

စင်ကာပူအစိုးရသည် ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ဖိုးရှိ လူသားချင်းစာနာသော အထောက်အပံ့ပေးအပ်မည်ဖြစ်ကြောင်း၊ ယင်းအထောက်အပံ့မှာ ထိုင်းနိုင်ငံ မြောက်ပိုင်း၌ မကြာသေးမီက ဖြစ်ပေါ်ခဲ့သော ရေလွှမ်းမိုးမှု ခံခဲ့ရသည့် ဒုက္ခသည်များကို အကူအညီပေးရန် ဖြစ်ကြောင်း စင်ကာပူနိုင်ငံခြားရေး ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက သောကြာနေ့တွင် ပြောကြားသည်။

ယင်းအထောက်အပံ့တွင် ဆေးဝါးပစ္စည်းများ၊ စောင်များနှင့် ရွက်ဖျင်တဲများပါဝင်သည်။ ထို့အပြင် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကူညီရန် စင်ကာပူတပ်ဖွဲ့များက ထိုင်းနိုင်ငံ ပစ်ဆာနုလောက်ဒေသသို့ ချင်းနွတ်ရဟတ်ယာဉ်သုံးစင်းကို ဖြန့်ကြက်တာဝန်ချထားပေးမည်ဖြစ်သည်။***အမ်အင်အေ၊ဆင်ဟွာ။***

စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ မေ ၂၆ရက်က ကျင်းပသည့် ဆက်သွယ်ရေးဆိုင်ရာ ညီလာခံတွင် ခင်းကျင်းပြသထားသော 3G မိုဘိုင်းဖုန်း များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်မှာကြား

နေပြည်တော် မေ ၂၉

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် မေ ၂၆ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပသော ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်သန်းထွန်းနှင့် ဗိုလ်မှူးကြီးတင်ငွေ၊ ဝန်ကြီးဌာနအောက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးဘဏ်လီမိတက်တို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်/တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာတွင် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်၏ မြို့ပြနှင့် ကျေးလက်လမ်း၊တံတားများပြီးစီးမှုမှာ မြို့ပြလမ်းမိုင်ပေါင်း(၁၉၇/၀)မိုင်၊ ကျေးလက်လမ်းမိုင်ပေါင်း (၂၀၈၄/၀)မိုင် စုစုပေါင်း (၂၂၈၁/၀)မိုင်နှင့် မြို့ပြတံတားပေါင်း ၂၆၆စင်း၊ ကျေးလက်တံတားပေါင်း ၁၀၅၅ စင်း စုစုပေါင်း ၁၃၂၁စင်းတို့ကို ဖောက်လုပ်တည်ဆောက် ပြီးစီးခဲ့ကြောင်း၊ ဆောင်ရွက်ပြီးစီးမှုမှာ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း သုံးတိုင်းတွင် ကျေးရွာပေါင်း ၅၆၀၊ လုပ်ငန်းပေါင်း ၁၁၁၂ခု ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ပြည်နယ်/တိုင်းများတွင် ကျေးရွာပေါင်း ၁၅၃၃ရွာ လုပ်ငန်းပေါင်း ၁၅၄၉ခု ဆောင်ရွက်နိုင်ခဲ့တာ တွေ့ရှိရကြောင်း၊ ဆောင်ရွက်ပြီးသော စက်ရေတွင်းများကို ထာဝစဉ်အသုံးပြုနိုင်အောင် ထိန်းသိမ်းဆောင်ရွက်ဖို့ လိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာများ၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းကျောင်း ကိစ္စရပ်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက စည်ပင်သာယာရေးအဖွဲ့များ၏ အင်ဂျင်နီယာပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် အရည်အသွေးကောင်းမွန်ရေး ကိစ္စရပ်များကိုလည်းကောင်း မှာကြားသည်။

ထို့နောက်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းတို့က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ လူငယ်သင်တန်းကျောင်း၊ အိမ်တွင်းမှု သင်တန်းကျောင်းများနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ စည်ပင်သာယာရေးဘဏ်လီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ဘဏ်လုပ်ငန်းနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်၍ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်မှုအစီရင်ခံစာကို သုံးသပ်ဆွေးနွေးရှင်းလင်းတင်ပြပြီး ပြည်နယ်/တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများက မိမိတို့ပြည်နယ်/တိုင်းအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကိုတင်ပြကာ နံနက်ပိုင်းအစည်းအဝေးအစီအစဉ်ကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲပိုင်းအစည်းအဝေးအစီအစဉ်များကို ဆက်လက်ကျင်းပရာ ပြည်နယ်/တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးများက မိမိတို့ပြည်နယ်/တိုင်းအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကြသည်။ ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများက မိမိတို့ မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များက ပြည်နယ်၊ တိုင်း၊ မြို့နယ်များ၏ ရှင်းလင်းတင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးပြီး လိုအပ်ချက်များ ရှင်းလင်းတင်ပြသည်။ ၎င်းနောက်ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေ ၄နာရီတွင်ရပ်နားသည်။ (သတင်းစဉ်)

အမှတ်(၂)စက်မှုဝန်ကြီး ဗိုလ်ချုပ်စောလွင် ကုန်တင်ယာဉ်များထုတ်လုပ်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၉

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၇ရက်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အင်းလျားကန်ဟိုတယ်လမ်းရှိ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၏ အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)သို့ ရောက်ရှိရာ စက်ရုံ ရှင်းလင်းဆောင်၌ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းက စက်ရုံ၏ဘဏ္ဍာရေးနှစ်အလိုက် မော်တော်ယာဉ်များထုတ်လုပ်မှု၊ ကုန်ကြမ်းပစ္စည်းများဝယ်ယူထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက တီအီးကုန်တင်ယာဉ်များ ထုတ်လုပ်မှုကို လျာထားချက်ပြည့်မီရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ မော်တော်ယာဉ် ထုတ်လုပ်ရေးအဖွဲ့များဖွဲ့စည်းပြီး တာဝန်ပေးအပ်ဆောင်ရွက်ရေး၊ စက်ပစ္စည်းအစိတ်အပိုင်းများနှင့် ယာဉ်ကိုယ်ထည်အစိတ်အပိုင်းများကို တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ယာဉ်တပ်ဆင်ရေးအလုပ်ရုံ၌ တီအီးကုန်တင်ယာဉ်များတပ်ဆင်မှုကိုလည်းကောင်း၊ ယာဉ်ပြုပြင်ရေးအလုပ်ရုံ၌ ယာဉ်ကိုယ်ထည် အစိတ်အပိုင်းများထုတ်လုပ်မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး စက်ရုံ၏ ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်မှုရှိစေရေးအတွက် လက်တွေ့ကျကျနှင့် အတွေးသစ်၊ အမြင်သစ်များဖြင့် လုပ်ဆောင်ကြရန်၊ အချင်းချင်းဆွေးနွေးညှိနှိုင်းပူးပေါင်းဆောင်ရွက်ပြီး ဘက်စုံထောင့်စုံမှ တိုးတက်မှုရရှိရေးဆောင်ရွက်သွားကြရန်၊ ဈေးကွက်ရှာဖွေ ဖြန့်ဖြူးရေးအလေးထားဆောင်ရွက်ရန်တို့ကို မှာကြားသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ဟိုတယ်လုပ်ငန်းများစစ်ဆေး

ရန်ကုန် မေ ၂၉

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မေ ၂၈ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အလုံလမ်းရှိ Summit Parkview ဟိုတယ်သို့ရောက်ရှိပြီး တာဝန်ရှိသူများက ဟိုတယ်အတွင်း လိုက်လံရှင်းလင်းပြသသည်။

ထို့နောက်ဝန်ကြီးသည် Yangon International ဟိုတယ်၊ Pan Sea ဟိုတယ်နှင့် Savoyဟိုတယ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဗဟန်းမြို့နယ် ရွှေဂုံတိုင် ယုဇနကွန်ဒိုတာဝါ အခန်း(609/B)ရှိ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းသို့ ရောက်ရှိရာ အသင်းဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များက အသင်းအစည်းအဝေးခန်းမ၌ ခရီးသွားလုပ်ငန်းရှင်များအသင်း စတင်ပေါ်ပေါက်လာပုံ၊ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုရှင်းလင်းတင်ပြရာ ဝန်ကြီးက မိမိတို့အနေဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်းနှင့် အသင်းသားများကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ အခြေခံစီမံခန့်ခွဲမှုသင်တန်း ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အခြေခံစီမံခန့်ခွဲမှုသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနက ကြီးမှူးဖွင့်လှစ်သော အခြေခံစီမံခန့်ခွဲမှု သင်တန်းဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ စီမံဌာနမှူး ဒေါ်ခင်လှမြင့်နှင့်အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နီနီစိန်၊ ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ နည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက သင်တန်းဖွင့် အမှာစကားပြောကြားပြီး နည်းပြနှင့်သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါသင်တန်း၌ နိုင်ငံတော်မူဝါဒနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ညွှန်ကြားချက်များ၊ ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှု၊ ရုံးလုပ်ငန်းဆောင်ရွက်ပုံနည်းစနစ်၊ အညွှန်းကိန်းဖြည့်စွက်ပုံနည်းစနစ်နှင့် ဓာတ်ပုံမှတ်တမ်းများ၊ တင်ပြပုံနည်းစနစ်များကို စာတွေ့၊ လက်တွေ့သင်ကြား ပို့ချသွားမည်ဖြစ်ပြီး ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသူ ၆၅ ဦး တက်ရောက်ကြ၍ သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ကုန်သည်/စက်မှု ဒုတိယဥက္ကဋ္ဌ ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၂၉

ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ မေ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင်ကျင်းပမည့် Hanoi World Bank ASEAN Secretariat Workshop သို့ တက်ရောက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်နှင့် ဗဟိုအလုပ်အမှုဆောင် ဦးထွန်းအောင်တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြရာပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ချောင်လေးဝေးဝေး
မူးယစ်ဆေး

အဖျက်အမှောင့်သမားများအား စုံစမ်းဖော်ထုတ် လာဘ်ပေးလာဘ်ယူပြုလုပ်မှုများ ရှောင်ကြဉ်

ရန်ကုန် မေ ၂၉

ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်နှင့်တိုင်း ဦးစီးမှူးများ၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ အကျဉ်းထောင်၊ အလုပ်စခန်း တာဝန်ခံများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ မှူးခင်းတပ်ဖွဲ့မှူးနှင့် ရဲမှူးချုပ်များ၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ ဝန်ကြီးက ဒို့တာဝန်အရေးသုံးပါးနှင့် အမျိုးသားရေးစိတ်ဓာတ်ကို အလေးထား ဆောင်ရွက်ရေး၊ ဥပဒေစည်းမျဉ်း စည်းကမ်းနှင့်အညီ လိုက်နာကျင့်သုံး ဆောင်ရွက်ရေး၊ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ၏ ထိုးနှက်ချက်များ၊ အဖျက်အမှောင့်လုပ်ရပ်များနှင့် ပတ်သက်၍ သတင်းရရှိရေး၊ လုံခြုံရေး၊ ပြန်လည်တုံ့ပြန်ဖြေရှင်းရေး၊ အဖျက်အမှောင့်သမားများအား စုံစမ်းဖော်ထုတ်ရေး၊ မိမိထမ်းဆောင်ရသည့် လုပ်ငန်းတာဝန်ကို အခွင့်ကောင်းယူ၍ လာဘ်ပေးလာဘ်ယူမှု ပြုလုပ်ခြင်းများ ရှောင်ကြဉ်ရေး၊ ပြည်သူက ယုံကြည်ကိုးစားသောဝန်ကြီးဌာနဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ စီမံချက်နှင့်အညီ ကြက်ဆူပင်အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားရေး၊ ဌာနအချင်းချင်း ပူးပေါင်းကူညီဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ဆက်လက်ကျင်းပ

ထို့နောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၅-၂၀၀၆ (အင်္ဂါနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ သုံးစွဲမနေးမြန်မာ့တိုင်းရင်းဆေး (တပင်တိုင်မြနန်း)
၇:၂၀ တေးဂီတအစီအစဉ်
၇:၂၅ ဂုဏ်ယူစရာလက်မှုအတတ်ပညာ
၇:၃၅ ပြည်တွင်းသတင်းအကျဉ်း
၇:၄၅ တေးဂီတအစီအစဉ်
၇:၅၀ Sunday Talk
၈:၅၀ တေးဂီတအစီအစဉ်
၈:၅၅ ဝင်ငွေတိုးစေဖို့တီလားပီးယားငါးမွေးကြစို့
၉:၁၀ မိုးလေဝသခန့်မှန်းချက်
၉:၁၅ ပုညခင်၏ အုပ်(၅၀)ပြည့် အခမ်းအနား (မိန်းမတစ်ယောက်ရဲ့ အတ္ထုပ္ပတ္တိ လုံးချင်းစာအုပ်ထုတ်ဝေသည့် စာနယ်ဇင်း မိတ်ဆက်ပွဲ)
၉:၃၅ တေးဂီတအစီအစဉ်
၉:၄၀ နိုင်ငံတကာသတင်းအကျဉ်း
၉:၄၅ သံပုံထောင်းခြင်းဆိုင်ရာ နည်းပညာ
၉:၅၅ တေးဂီတအစီအစဉ်
၁၀:၀၀ Sport Pro
၁၀:၂၅ ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၅ အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ (စိုးသူ၊ နန်းကလျာလှိုင်၊ ကျော်မင်းနောင်၊ ကောင်းဈာန်သစ်) (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁၀:၄၅ လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ (ရဲယိုရွက်နှင့် ငါးခူစဉ်းကောဆီပြန်ဟင်း)
၁၁:၀၅ တေးဂီတအစီအစဉ်
၁၁:၁၀ ဘော်ဘင်ရေလှောင်တမံ
၁၁:၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၅ သန့်ရှင်းငြိမ်သက် တွက်ချေကိုက်ဖို့ သဘာဝဓာတ်ငွေ့သုံးကြစို့
၁၁:၄၀ တေးဂီတအစီအစဉ်
၁၁:၄၅ မြန်မာ့ပုလဲလေလံပွဲ
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ (၃)ကြိမ် ဆက်တိုက်ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

မြန်မာ့အသေးစားချေးငွေလုပ်ငန်း ငွေကြေးပစ္စည်းထိန်းသိမ်းခြင်းသင်တန်းဆင်း

ရန်ကုန် မေ ၂၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစားချေးငွေလုပ်ငန်း၏ ငွေကြေးပစ္စည်းထိန်းသိမ်းခြင်း လုပ်ငန်းပိုင်းဆိုင်ရာကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် ၁/၂၀၀၆ ဆင်းပွဲ အခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့အသေးစားချေးငွေလုပ်ငန်း သင်တန်းခန်းမ၌ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး(ပူးတွဲတာဝန်) အထွေထွေမန်နေဂျာ ဦးအောင်မြင့်ထွန်းက သင်တန်းဆင်း အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

သင်တန်းတွင် ပထမဆုရ သရက်မြို့ရုံးခွဲမှ အငယ်တန်းစာရေး ဒေါ်မော်မော် **(အပေါ်ပုံ)**၊ ဒုတိယဆုရ ဧရာဝတီတိုင်းရုံးခွဲမှ အငယ်တန်းစာရေး ဒေါ်သဇင်ဖြူ၊ တတိယဆုရရှိကြသော မကွေးမြို့ရုံးခွဲမှ အငယ်တန်းစာရေး ဒေါ်ဝါဝါမြင့်နှင့် ကလေးမြို့ရုံးခွဲမှ အငယ်တန်းစာရေး ဦးအောင်အောင်တို့အား ဦးဆောင်ညွှန်ကြားရေးမှူး (ပူးတွဲတာဝန်) အထွေထွေမန်နေဂျာ ဦးအောင်မြင့်ထွန်းက ဆုများ ပေးအပ်ချီးမြှင့်သည်။ ပြည်နယ်နှင့်တိုင်းရုံးခွဲများမှ သင်တန်းသား ၃၆ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာမြင့်ခဲ့သည်။ (၃၂)

လှိုင်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ ကျင်းပ

ရန်ကုန် မေ ၂၉

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် လှိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေး ဗဟိုဦးစီးကော်မတီဝင်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် လှိုင်မြို့နယ် ပညာရေးမှူး ဒေါ်မြင့်ရီက မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်က ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ် ဒါဇင် ၁၀၀၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်တိုးက ဖတ်စာအုပ်အစုံ ၁၀၀၀၊ အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာ ငယ်ရွယ်အဖွဲ့က အလှူငွေကျပ် ၁၅၁၆၅၀၊ မေတ္တာဝါဒီ ဆရာတော်က အလှူငွေကျပ် ၃၃၆၀၀၊ စေတနာရှင်၊ အလှူရှင်များနှင့် လူမှုရေး အဖွဲ့အသီးသီး တို့က ကျောင်းသား၊ ကျောင်းသူများအား အလှူငွေများပေးအပ်ကြရာ စုစုပေါင်း အလှူငွေတန်ဖိုးမှာ ၉၀၅၂၅၀ကျပ် ဖြစ်သည်။

(ပညာရေး)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၀-၅-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ လဂွမ်းပြင်ရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (သတ္တဗေဒအထူးပြု)(သတ္တဗေဒ)
၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၁၅ ၆။ ခံစားနားဆင် တေးဇာတ်ဝင်
၅:၂၅ ၇။ **"ချစ်သောမြေ ချစ်သောရေ" (ရာဇာနေဝင်း၊ခိုင်နှင်းဝေ) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)**
၅:၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ အဆိုပြိုင်ပွဲ
၆:၄၅ ၁၂။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၇:၀၀ ၁၃။ အကပြိုင်ပွဲ
၇:၁၀ ၁၄။ မြန်မာမှုပန်းဆယ်မျိုး (ပန်းတော့)
၇:၁၅ ၁၅။ ကြေးမုံရိပ်သွင် တေးနယ်ဉ်
၇:၂၀ ၁၆။ ကုန်စည်တိုးပွားတွံတေးတံတား
၇:၃၅ ၁၇။ အတီးပြိုင်ပွဲ
၇:၄၅ ၁၈။ တိုးတက်မှုမှာကေန်စံပြကျေးရွာ တင်းတိမ်ရံ
၈:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အိပ်မက်ကမ္ဘာ" (အပိုင်း-၁၈)**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

မေ ၂၈ရက်က တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်လှဲ့လှဲ့ဝင်းဆွေ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ တာမွေကလေးရပ်ကွက် အတုလမာရ်အောင် ကျောင်းတိုက်အတွင်းရှိ မဟာအတုလစေတီတော် ဉာဏ်တော်မြှင့်တင်ခြင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ကြစဉ်။ (ကြေးမုံ)

၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းလျာထားသည့်အတိုင်း မိုးစပါးဧက သိန်း ၃၀ ပြည့်မီအောင်စိုက်နိုင်ရေး တာဝန်ရှိသူများက အောက်ခြေအထိဆင်းပြီး လယ်သမားများ အမှန်တကယ် စိုက်ပျိုးနိုင်အောင် ကူညီဆောင်ရွက်

✻ ပဲခူးတိုင်းမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို နှင့် ပဲခူးတိုင်း (အနောက်ပိုင်း တိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းတို့က ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ပေးအပ်ကြသည်။

လှည့်လည်ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို နှင့် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းတို့သည် ခြံစည်းရိုး ကြက်ဆူပင်များကို စတင်စိုက်ပျိုးပေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ခြံစည်းရိုးကြက်ဆူပင် ၃၀၀၀ ကို စိုက်ပျိုးကြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးကြသည်။

လက်ပံတန်းမြို့နယ် အနေဖြင့် သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ဧက ၂၂၂၀၀ စိုက်ပျိုးသွားမည်ဖြစ်ရာ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဧက ၃၇၀၀၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ဧက ၇၄၀၀ နှင့် ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ဧက ၁၁၁၀၀ တို့ကို စိုက်ပျိုးသွားမည်ဖြစ်သည်။

ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကို နှင့် ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းခွဲဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းတို့က ဖြည့်စွက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ယခုအခါမိုးကာလသို့ ရောက်ရှိလာပြီဖြစ်၍ မိုးစိုက်သီးနှံများကို လျာထားချက်နှင့်အညီ စိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရမည့် အချိန်ဖြစ်ကြောင်း၊ နိုင်ငံတော်က လျာထားအဖြစ် ခရိုင်နှင့် မြို့နယ်အလိုက်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအလိုက် စိုက်ပျိုးဆောင်ရွက်ရေးတို့ကို မှာကြားသည်။

သာယာဝတီခရိုင်၌ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါးဧက ခုနှစ်သိန်းခြောက်သောင်းကျော် လျာထားသည့်အနက် မိုးစပါးဧက လေးသောင်းကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ထို့နောက် တိုင်းစိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စိုက်ပျိုးရေးလုပ်ငန်းများတွင် မိမိတို့ဌာနအလိုက် ဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

အောက်ခြေအထိဆင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ပဲခူးတိုင်း(အနောက်ပိုင်း)၌ နွေစပါး၊ မိုးစပါး အပါအဝင် အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်း ပြည်မြို့ တိုးချဲ့စက်မှုဇုန်က ထုတ်လုပ်သည့် Light Truck 1000 KG မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် နတ်တလင်းမြို့နယ် တံခွန်တိုင် ကျေးရွာအနီးရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်းက သာယာဝတီခရိုင်အတွင်း နွေစပါး စိုက်ပျိုးပြီးစီးမှု၊ ရိတ်သိမ်းခြွေလှေ့မှုနှင့် မိုးစပါး တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ထားရှိမှုတို့ကို သတ်မှတ်ပေးထားသည့် စီမံကိန်းအတိုင်း ခရိုင်၊ မြို့နယ်နှင့် ကျေးရွာများက သတ်မှတ်စိုက်ဧက ပြည့်မီရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ ပန်းတိုင်အထွက်တိုးရေးအတွက် နည်းလမ်းလေးသွယ်ဖြင့် စိုက်ပျိုးဆောင်ရွက်ရေး၊ ထွန်ယက်ခြင်း၊ ရေတင်ခြင်းတို့အတွက် လောင်စာအဖြစ် အစားထိုး အသုံးပြုနိုင်မည့် ဇီဝဒီဇယ်ဆီ ထုတ်လုပ်နိုင်သော ခြံစည်းရိုးကြက်ဆူပင်များကို တစ်ပိုင်တစ်နိုင်မှသည် တစ်အုပ်တစ်မ ပြည်မြို့ ခေတ္တရာရိပ်သာ၌ တိုင်းစိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များအား တွေ့ဆုံဆွေးနွေးရာ ရှေးဦးစွာ ပဲခူးတိုင်း (အနောက်ပိုင်း တိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက ၂၀၀၅-၂၀၀၆ ခုနှစ်တွင် စပါး၊ စက်မှုကုန်ကြမ်းသီးနှံ၊ ဆီထွက်သီးနှံများ၊ ပဲအမျိုးမျိုး၊ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း စသည့် စီမံကိန်းသီးနှံများ စိုက်ပျိုးပြီးစီးမှု၊ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါးတိုးချဲ့စိုက်ပျိုးမည့် အခြေအနေ၊ သီးနှံစိုက်စွမ်းအားနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရာ၌ စိုက်ပျိုးရေ ရရှိရေးအတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဆည်မြောင်းဦးစီးဌာနနှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ပူးပေါင်း၍ တိုင်းအတွင်းရှိ ဆည်များမှ ရေပေးဝေနိုင်မှုကို စိစစ်ဆောင်ရွက်ရေး၊ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးတို့ကို လျာထားချက်ကျော်လွန်အောင် စိုက်ပျိုးဆောင်ရွက်နိုင်သကဲ့သို့ ယခု ၂၀၀၆-၂၀၀၇ ခုနှစ်တွင်လည်း စီမံကိန်းလျာထားသည့်အတိုင်း မိုးစပါးဧက သိန်း ၃၀ ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် တာဝန်ရှိသူများက အောက်ခြေအထိဆင်းပြီး ကျေးရွာအလိုက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ပြည်တပ်နယ် ရဲမင်းအောင်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အသေးစိတ်ညှိနှိုင်း၍ လယ်သမားများ အမှန်တကယ် စိုက်ပျိုးနိုင်အောင် ကူညီဆောင်ရွက်ပေးကြရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြည်မြို့ လေယာဉ်ကွင်းရှိ စံပြခြံစည်းရိုးကြက်ဆူပင် စိုက်ကွင်း၌ ကျင်းပသည့် ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် အဖွဲ့ဝင်များက ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး တက်ရောက် လာကြသူများ၏ စံပြစိုက်ကွင်း ဧက ၅၀ ၌ ခြံစည်းရိုးကြက်ဆူပင်ခြောက်သောင်း စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုက်ရိုက်မျိုးစေ့ချစိုက်နည်း၊ မျိုးကိုင်းစိုက်နည်းတို့ဖြင့် အောင်မြင်ဖြစ်ထွန်းနေသော မြို့နယ်ရဲတပ်ဖွဲ့၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ပဲခူးတိုင်း (အနောက်ပိုင်း)၌ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူပင်ဧက ၃၆၉၀၀ စိုက်ပျိုးရန် လျာထားရာ ၇၅၂၆ ဧကကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပြီး မျိုးစေ့၊ မျိုးကိုင်းစုဆောင်းမှုမှာ ဧက တစ်သောင်းကျော်နှင့် ပျိုးထောင်ထားရှိမှုမှာ ၅၁၈၂ ဧကဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့် အတူ ပြည်မြို့ တိုးချဲ့စက်မှုဇုန်သို့ ရောက်ရှိရာ ရှေးဦးစွာ တိုးချဲ့စက်မှုဇုန်၏ ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး တိုင်းလျှပ်စစ်အင်ဂျင်နီယာ ဦးမောင်မောင်တင်က (၆၆/၁၁) KV ဓာတ်အားခွဲရုံ တည်ဆောက်မှုနှင့် စက်မှုလုပ်ငန်းရှင်များအား ဓာတ်အားဖြန့်ဖြူးပေးနိုင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပြည် Light Truck 1000 KG မော်တော်ယာဉ်များအတွက် ပုံဖိစက်ဖြင့် ဖရိန်ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

စပါးခွံဓာတ်ငွေ့သုံးအင်ဂျင်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့် အတူ အောင်ချမ်းသာစက်မှုလုပ်ငန်းကထုတ်လုပ်သောစပါးခွံဓာတ်ငွေ့သုံး အင်ဂျင်ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အင်ဂျင်သည် တစ်နာရီတွင် အသုံးပြုစပါးခွံ ခြောက်တင်းခန့်ဖြင့် တစ်နာရီအတွင်း ငါးပုံစပါးတင်း ၅၀ ခန့် ကြိတ်ခွဲနိုင်ပြီး စားသုံးဆီကြိတ်နိုင်မှု တစ်ရက်လျှင် ၂ ဒသမ ၅ ပီပါခန့် ရရှိမည့်အပြင် ယနေ့ ကျေးလက်ဒေသများ၌ လျှပ်စစ်မီးရရှိရေးအတွက် အဆိုပါ အင်ဂျင်ဖြင့် 20 KVA ဒိုင်နမိုတွဲ၍ အသုံးပြုပါက 20000 WATTS ခန့် ထွက်ရှိနိုင်ကာ လေးပေမီးချောင်း ၅၀၀ (သို့မဟုတ်) နှစ်ပေမီးချောင်း ၁၀၀၀ ခန့် အသုံးပြုနိုင်မည်ဖြစ်သည်။

ညှိနှိုင်းဆောင်ရွက်ပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပြည်မြို့ စက်မှုဇုန်က ထုတ်လုပ်သည့် ပြည် Light Truck 1000 KG မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။

တွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းတို့နှင့်အတူ မေ ၂၇ရက် နံနက် ၈နာရီခွဲတွင် ပြည်တပ်နယ် ရဲမင်းအောင်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စိုက်ပျိုးမွေးမြူရေး၊ မိသားစုများ၏ သက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်ကြရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် အောင်မြင်ရေးအတွက် ဒေသခံပြည်သူများနှင့် တက်ညီလက်ညီ လက်တွဲပူးပေါင်းကြိုးပမ်း ဆောင်ရွက်ကြရေး၊ ခြံစည်းရိုးကြက်ဆူပင်ကို လျာထားသတ်မှတ်ချက်အတိုင်း စိုက်ပျိုးကြရေးတို့ကို အကျယ်တဝင့်ရှင်းလင်းမှာကြားပြီး တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းတို့နှင့်အတူ ပြည်မြို့နယ် ထမ္ဗကောက်ကျေးရွာအုပ်စု တီတွတ်ကျေးရွာအနီး၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းတို့က ခြံစည်းရိုးကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ဧက ၆၀၀အတွင်း ခြံစည်းရိုးကြက်ဆူပင် ၇၂၀၀၀၀ ကို တပျော်တပါး စုပေါင်း စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပြည်မြို့နယ် ထမ္ဗကောက်ကျေးရွာအုပ်စု၌ ပါဝင်သော ပန်းတင်ကျေးရွာ၊ သောကြာမာကျေးရွာနှင့် ငါးဆူကျေးရွာတို့၌ ယခုနှစ်အတွင်း ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များနှင့် လူမှုရေး အသင်းအဖွဲ့များက ခြံစည်းရိုးကြက်ဆူပင် ဧက ၁၆၇၀ကို စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ထမ္ဗကောက်ကျေးရွာအုပ်စု၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်း ဧက ၅၀၀၀ခန့်ကို တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးနိုင်မည်ဖြစ်ရာ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပုဂ္ဂလိကများက ယခုမိုးတွင်းကာလအတွင်း ပြီးစီးအောင် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး အခမ်းအနားများ ကျင်းပ

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်မှာကြားချက်များအရ ဆရာ၊ ဆရာမများ အရည် အသွေးမြင့်မားရေး၊ သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်ရေး၊ သင်ထောက် ကူပစ္စည်းများ ထိရောက်စွာ အသုံးပြုရေး၊ စည်းမျဉ်း စည်းကမ်းများ လိုက်နာရေး၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားရေးအတွက် ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ နှစ်(၃၀) နှစ်ရှည်စီမံကိန်း လုပ်ငန်းစဉ်(၂)တွင် ပါရှိသည့် ကျောင်းနေအရွယ် ကလေးများ ကျောင်းအပ်နှံရေး လုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းအောင်မြင်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးအတွက် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ထောက်ပံ့

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှု အဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဗိုလ်မှူးချုပ်ကျော်သူ၊ ဦးအေးကြူနှင့် ဗိုလ်မှူးကြီးအုန်းမြင့်၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နန်းရွှေယဉ်တို့က ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ ကျောင်းသားကျောင်းသူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက မြို့နယ်ပညာရေးမှူးများအား မြို့နယ်အတွင်းရှိ ချို့တဲ့ကျောင်းသားကျောင်းသူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ကြသည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင်ပညာရေးမှူးဦးတင့်လွင်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ပတ္တမြားခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ပညာရေးဝန်ကြီးဌာနနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များက လှူဒါန်းသည့် ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ ကျောင်းသား၊ ကျောင်းသူများက လက်ခံယူကြသည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် ပညာရေးမှူး ဦးတင်စောက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ကျင်းပသည့် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး အခမ်းအနားများတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ပညာရေးဝန်ကြီးဌာနနှင့် တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့များက လှူဒါန်းသည့် ကျောင်းသုံးပစ္စည်းများ၏ တန်ဖိုးမှာ ရန်ကုန်အရှေ့ပိုင်းခရိုင်တွင် ငွေကျပ် ၇၂သိန်းနှင့် ရန်ကုန်တောင်ပိုင်းခရိုင်တွင် ငွေကျပ် ၉၂သိန်းကျော် ဖြစ်သည်။

(သတင်းစဉ်)

ဝိုင်အမ်ဘီအေအသင်း နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြု ညစာ စားပွဲကျင်းပ

ရန်ကုန် မေ ၂၉

ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်း (YMBA)နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲကို ယမန်နေ့ ညနေ ၆နာရီတွင် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) နှစ်(၁၀၀)ပြည့် အခမ်းအနား ကျင်းပရေး နာယကအဖွဲ့ဝင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် လုပ်ငန်း ကော်မတီဝင်များ၊ ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ဆပ်ကော်မတီ အသီးသီးမှ ကော်မတီဝင်များ၊ ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်း (YMBA) ဥက္ကဋ္ဌ ဦးဗိုလ်နီနှင့် အမှုဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှသံအမတ်ကြီးများ၊ ဘာသာရေး အသင်းအဖွဲ့များ၊ (YMBA) နှစ်(၁၀၀)ပြည့် အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် လူမှုရေး အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

☆ **ပဲခူးတိုင်းမှ**

အနေများကို လည်းကောင်း၊ ဘွိုင်လာများ၏ ကြံ့ခိုင်မှုဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ Secondary Fan Feed Pump Bearing Housingများကိုလည်းကောင်း၊ တာဘိုင်များ၊ မော်တာများနှင့် ဆီအအေးခံကိရိယာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာ ချိုဝင်းမော်က ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာနှစ်မှ ၂၀၀၆–၂၀၀၇ခု ဘဏ္ဍာနှစ်အတွင်း ကြံတောင်သူများထံမှ ကြံများရရှိမှုအခြေအနေ ယင်းရာသီများအတွင်း သကြား ထုတ်လုပ်မှုအခြေအနေနှင့် ဖြန့်ဖြူးနိုင်မှု အခြေအနေများ၊ ၂၀၀၆–၂၀၀၇ခုဘဏ္ဍာနှစ် ကြံရာသီ၌ သကြား ထုတ်လုပ်ရန် လိုအပ်နေသော ကြံများ ရရှိနိုင်မည့် နည်းလမ်းများနှင့် အစီအမံများကိုအသေးစိတ်တင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကြံရာသီအတွင်း ကြံများရရှိရေးအတွက် ကြံတောင်သူများအား စည်းရုံးသွားရန်၊ ရည်မှန်းချက်တာဝန်များ ပြည့်ဝရန် ယခုကပင် အခြေခံလိုအပ်ချက်များကို အစီအမံထားဆောင်ရွက်သွားရေးနှင့် စက်အရန်ပစ္စည်းများဖြည့်ဆည်းသွားရေးတို့ကို မှာကြားသည်။ (သတင်းစဉ်)

❍ **လာနီညာမှ**

ထိုင်း မိုးလေဝသဌာန အကြီးအကဲ ဟောင်းစမစ်ဒါမာ ဆာရောဂျ်က ပြောကြားသည်။

ထိုင်းနိုင်ငံတွင် ဆူနာမီရေလှိုင်းများ ဒဏ်ခံရဖွယ်ရာရှိကြောင်းကို ပညာရှင်စမစ်က ၂၀၀၄ခုနှစ် ဆူနာမီဘေးဒုက္ခကြီး မကြုံမီကတည်းက ကြိုတင်သတိပေးခဲ့သည်။ ထိုစဉ်က ၎င်း၏ သတိပေးချက်ကို မည်သူကမျှ အရေးတယူပြုခဲ့ခြင်းမရှိပေ။

ယခုနှစ်အောက်တိုဘာလနှင့် ဒီဇင်ဘာလ အကြားကာလ၌ ထိုင်းနိုင်ငံ အလယ်ပိုင်းနှင့် ဗန်ကောက်မြို့များ အတွက် မိုးများမည့် အချိန်၊ ရေကြီးနိုင်သည့် အချိန်ပင်ဖြစ်သည်ဟု ၎င်းက သတိပေးထားသည်။လူဦးရေ ၁၀သန်းရှိသော ဗန်ကောက်မြို့အတွက် ရေကြီးသောကိစ္စမှာ အထူးအဆန်းမဟုတ်ပေ။ ထိုမြို့သည် ၁၉၄၂ ခုနှစ် စက်တင်ဘာလက အဆိုးရွားဆုံးရေကြီးမှုနှင့်ကြုံခဲ့ရဖူးသည်။ ထိုစဉ်က ခါးလယ်ထိရှိသောရေများကျသွားစေရန် နှစ်လခန့်အထိ စောင့်ဆိုင်းခဲ့ရကြောင်း သိရသည်။

အင်တာနက်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန် နိုင်ငံတော်ကဏ္ဍစုံ ဖွံ့ဖြိုး တိုးတက်ရေး ဟောပြောပို့ချ

ရန်ကုန် မေ ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့ မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီ အထိ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံ စည်းရုံးရေးရာ သင်တန်းအပတ်စဉ်(၁၈)မှ သင်တန်းသား၊ သင်တန်းသူ ၁၁၀တို့အား အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော်ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဟောပြောပို့ချသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် ပန်းခြံစုကျောင်းလမ်းနေ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးစိုးနိုင်၊ ဒေါ်တင်မိုးစမ်းတို့က သားမောင်ကျော်ဇင်လင်း၏ လေးနှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

✧ **NLD ပါတီမှ**

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာလည်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည့်အတွက် ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ရေကောင်းရေသန့်ရရှိရေးနှင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်နေသည်ကို မျက်မြင်ကိုယ်တွေ့ တွေ့မြင်နေရပါကြောင်း၊ ထို့အပြင် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများသည်လည်း တောနှင့် မြို့ ဖွံ့ဖြိုးတိုးတက်မှု ကွာဟမှုနည်းပါးလာသည်ကို တွေ့မြင်ရပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပညာရေး၊ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုစီးပွားဘဝ အခြေခိုင်ခံ့အောင် ဆောင်ရွက်နေမှုများသည် အပြောသက်သက်မဟုတ်ဘဲ အလုပ်ဖြင့် ဆောင်ရွက်နေသည်ကို တွေ့မြင်နေရကြောင်း၊ ၎င်းတို့အနေဖြင့် ပါတီ၏ လုပ်ငန်းစဉ်များကို စွန့်လွှတ်ပြီး ပါတီမှ နုတ်ထွက်ကာ နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့နှင့်အတူ လက်တွဲ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချပြီး ယခုကဲ့သို့ နုတ်ထွက်ခြင်းဖြစ်ကြောင်း၊ ၎င်းတို့သည်ယုံကြည်ချက်၊ခံယူချက်များ ပြောင်းလဲသင့်သည့်အချိန်တန်ပြီဖြစ်၍ မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းမှုမျှမပါရှိဘဲ နုတ်ထွက်လွှာတင်သွင်းခြင်းဖြစ်သည်ကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ကို နိုင်ငံအသိ၊ကမ္ဘာအသိ ကြေညာပြီး အမျိုးသားညီလာခံကို ကျင်းပခဲ့သည့်အတွက် ယနေ့အချိန်တွင် ၇၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်၍ မဝေးတော့သည့် ကာလတစ်ခုတွင် နိုင်ငံတော်ကြီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် ရပ်တည်လာနိုင်တော့မည့်အခြေအနေတွင် ၎င်းတို့ NLD ပါတီအနေဖြင့် တိုင်းပြည်နှင့် လူမျိုးအတွက် အချိန်အခါ၊ အခြေအနေနှင့် မကိုက်ညီသည့် လုပ်ရပ်များ လုပ်ဆောင်နေသည်ကို တွေ့မြင်နေရကြောင်း၊ ပါတီ၏ မှားယွင်းသည့်လုပ်ရပ်များ၊ အာဏာမက်မောပြီးအာဏာရရှိရေးကို အဓိကထားကိုယ်ကျိုးအတ္တကြီးမားသည့် NLD ပါတီအပေါ် လုံးဝစိတ်ဝင်စားမှု မရှိတော့သဖြင့် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် NLD ပါတီမှ နုတ်ထွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍နုတ်ထွက်လွှာပေးအပ်သူ ၅၄ ဦးကိုယ်စား မြစ်ကြီးနားမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးစိုးအောင်က နုတ်ထွက်လွှာများနှင့်ပါတီအတွင်း ဆောင်ရွက်စဉ် အသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများကို မြစ်ကြီးနားမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌထံ ပေးအပ်ပြီး အခမ်းအနားကို နံနက်၉နာရီ၄၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ ၂၅ရက်မှ ၃၁ရက်အထိ
ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

၂၀၀၆–၂၀၀၇ ပညာသင်နှစ်
ကျောင်းအပ်နှံရေး သီတင်းပတ်
မေလ ၂၅ရက်မှ ၃၁ရက်အထိ
မြို့နယ်ကျောင်းအပ်နှံရေးနေ့မှစ၍
ကျောင်းသုံး ဗလာစာအုပ်များကို
ကျောင်းများတွင် ရောင်းချပေးမည်။
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

ရန်ကုန် မေ ၂၉

ဗီယက်နမ်နိုင်ငံ ချစ်ကြည်ရေးအသင်းများအဖွဲ့ချုပ်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအထွေထွေအတွင်းရေးမှူး ဦးဌေးဦးခေါင်းဆောင်သည့် အဖွဲ့ဝင်လေးဦးပါ မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဌာနချုပ်မှ တာဝန်ရှိသူများနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ဗီယက်နမ်နိုင်ငံ ချစ်ကြည်ရေးအသင်းများအဖွဲ့ချုပ်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ခေါင်းဆောင်သည့်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူတွေ့ရစဉ်။ (သတင်းစဉ်)

အာရှ အသက်(၁၄)နှစ်အောက် ဘောလုံးပွဲတော် မြန်မာအသင်းယှဉ်ပြိုင်ရန် မလေးရှားသို့ ထွက်ခွာ

ရန်ကုန် မေ ၂၉

မလေးရှားနိုင်ငံတွင် မေ ၂၉ ရက်မှ ဇွန် ၄ ရက်အထိ ကျင်းပမည့် အာရှ အသက် (၁၄) နှစ်အောက် ဘောလုံးပွဲတော်သို့ဝင်ရောက်ယှဉ်ပြိုင်ရန် အုပ်ချုပ်သူဦးအေးမောင်ကြီးခေါင်းဆောင်သည့် မြန်မာလူငယ် ယူ-၁၄ အသင်းသည် ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ အားကစားဝန်ကြီးဌာနနှင့် ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (ဝဲပုံ)

မြန်မာလူငယ်(ယူ-၁၄)အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးအေးမောင်ကြီး၊ နည်းပြဆရာများအဖြစ် ဦးချစ်နိုင်နှင့် ဦးဟန်ထွန်း၊ ဆရာဝန်အဖြစ် ဒေါက်တာမြတ်သန်းထွန်း၊ ကစားသမားများအဖြစ် စဖြိုးဝေစိုး၊ အောင်ဝေဖြိုး၊ ဇေယျာအောင်၊ သက်အောင်မြင့်စိုး၊ အောင်စည်သူ၊ မျိုးကျော်၊ အေးထွန်း၊ အောင်ကိုကိုထွန်းဝင်း၊ အောင်စုနိုင်၊ ဖြိုးမောင်မောင်ကျော်၊ သန့်ဇင်ဝင်း၊ ထွန်းမင်းဦး၊ သန်းထက်အောင်၊ ရဲဇော်ထက်၊ ကျော်မြင့်ထွန်း၊ အောင်မြင့်ထူးနှင့် အာကာစိုးတို့ လိုက်ပါသွားကြသည်။ နည်းပြဆရာ ဦးဟန်ထွန်းမှာ မေ ၂၆ ရက်မှ ၂၈ ရက်အထိကျင်းပမည့် နည်းပြဆိုင်ရာ ဆွေးနွေးပွဲ တက်ရောက်ရန် မေ ၂၅ ရက်က ကြိုတင်ထွက်ခွာသွားပြီးဖြစ်သည်။

မြန်မာလူငယ်အသင်းသည် ထိုင်း၊ ဗီယက်နမ်၊ ဘရူနိုင်း၊ စင်ကာပူ၊ ဩစတြေးလျအသင်းတို့နှင့် တစ်အုပ်စုတည်းပါဝင်သည်။ (ကြေးမုံ)

သက်တမ်းအလိုက်ရေကူးပြိုင်ပွဲ ပြီးစီး

ရန်ကုန် မေ ၂၉

၂၀၀၆ ခုနှစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး သက်တမ်းအလိုက် ရေကူးပြိုင်ပွဲ ဒုတိယနေ့(နောက်ဆုံးနေ့) ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂ နာရီမှစ၍ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် (ရေကူးအားကစားနည်း) တာဝန်ခံနာယက ဒေါ်မူမူဝင်း၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)နှင့် အမှုဆောင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ရေကူးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဒုတိယနေ့ပွဲစဉ်များအဖြစ် အကြီးတန်း အမျိုးသားငါးပွဲ၊ အမျိုးသမီးငါးပွဲ၊ အသက် (၁၅၊၁၆၊၁၇)နှစ်တန်း အမျိုးသားလေးပွဲ၊ အမျိုးသမီးနှစ်ပွဲ၊ အသက်(၁၃၊၁၄)နှစ်တန်း အမျိုးသားရှစ်ပွဲ၊ အမျိုးသမီးရှစ်ပွဲ၊ အသက်(၁၁၊၁၂)နှစ်တန်း အမျိုးသား-ငါးပွဲ၊ အမျိုးသမီးသုံးပွဲ၊ အသက် (၉၊၁၀)နှစ်တန်း အမျိုးသားလေးပွဲ၊ အမျိုးသမီးသုံးပွဲ၊ အသက်(၈)နှစ်အောက် အမျိုးသားနှစ်ပွဲ၊ အမျိုးသမီးသုံးပွဲ စုစုပေါင်း၅၂ပွဲ ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် (ရေကူးအားကစားနည်း) တာဝန်ခံနာယက ဒေါ်မူမူဝင်းက အမျိုးသားအကြီးတန်း မီတာ(၄၀၀) တစ်ဦးချင်းလေးမျိုးကူးပြိုင်ပွဲ၊ အသက်(၁၃၊၁၄)နှစ်တန်း မီတာ(၄၀၀) တစ်ဦးချင်းလေးမျိုးကူးပြိုင်ပွဲနှင့် အမျိုးသမီး အသက်(၁၃၊၁၄)နှစ်တန်း မီတာ(၄၀၀) တစ်ဦးချင်းလေးမျိုးကူး ပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်းက အမျိုးသားအကြီးတန်း မီတာ(၂၀၀) အလွတ်ကူးပြိုင်ပွဲ၊ (၁၃၊၁၄)နှစ်တန်း မီတာ(၂၀၀) အလွတ်ကူးပြိုင်ပွဲနှင့် အမျိုးသမီး(၁၃၊၁၄)နှစ်တန်း မီတာ (၂၀၀)အလွတ်ကူးပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်က အမျိုးသား (၁၅၊၁၆၊၁၇) နှစ်တန်း၊ အမျိုးသားအကြီးတန်းနှင့် အမျိုးသမီးအကြီးတန်း မီတာ(၁၀၀)ပက်လက်ကူးပြိုင်ပွဲများ၌ ဆုရရှိသူများကိုလည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးမောင်ဝင်းက အမျိုးသား(၁၁၊၁၂)နှစ်တန်း၊ အမျိုးသား(၁၃၊၁၄)နှစ်တန်းနှင့် အမျိုးသမီး (၁၃၊၁၄) နှစ်တန်း မီတာ(၁၀၀) ပက်လက်ကူးပြိုင်ပွဲ၌ ဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး (အား/ကာ) က အမျိုးသား (၉၊၁၀)နှစ်တန်း၊ အမျိုးသမီး (၉၊၁၀) နှစ်တန်း မီတာ(၅၀) ပက်လက်ကူးပြိုင်ပွဲနှင့် အမျိုးသမီး (၈)နှစ်အောက် (၂၅)မီတာ ပက်လက်ကူးပြိုင်ပွဲများ၌ ဆုရရှိသူများကိုလည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦးက အမျိုးသား (၁၃၊၁၄)နှစ်တန်း မီတာ (၁၀၀)ရင်ပေါင်တန်းကူးပြိုင်ပွဲ၌ စံချိန်သစ်တင်ခဲ့သော ရဲမြင့်ဟိန်းအား ဆုချီးမြှင့်သည်။ ရဲမြင့်ဟိန်းမှာ၂၀၀၂ ခုနှစ်က ရန်လင်းအောင် တင်ထားသော ၁မိနစ် ၁၅ဒသမ ၆၂စက္ကန့်ကို ၁မိနစ် ၁၂ဒသမ ၉၁စက္ကန့်ဖြင့် စံချိန်သစ်တင်ခဲ့ခြင်းဖြစ်သည်။ ကျန်ပြိုင်ပွဲများ၌ ဆုရရှိသူများအား အားကစားဝန်ကြီးဌာနနှင့် ရေကူးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်သည်။

(ကြေးမုံ)

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် (ရေကူးအားကစားနည်း) တာဝန်ခံနာယက ဒေါ်မူမူဝင်း အမျိုးသမီး (၁၃၊၁၄) နှစ်တန်း မီတာ (၄၀၀) တစ်ဦးချင်းလေးမျိုးကူး ပြိုင်ပွဲ၌ ဒုတိယဆုရ ယဉ်ယဉ်ထွန်းအား ဆုချီးမြှင့်စဉ်။

ဓာတ်ပုံ- စိုးညွန့်(ကြေးမုံ)

❀ အကိုက်အခဲပျောက်ဆေးမှ

အိုင်ဘူပရိုဖန် အကိုက်ခဲပျောက်ဆေးသည်တစ်နှစ်တစ်နှစ်လျှင် တန် ၅၀မျှရောင်းချရသည်အထိအရောင်းသွက်သောဆေးဖြစ်သည်။သုတေသီများ လေ့လာကြသော အကိုက်ခဲပျောက်ဆေးများတွင် အင်ဒိုမက်သာဆင် (Indomethacin)၊ နာပရိုဆင် (naproxen)၊ ဒိုင်ကလိုဖီနက်(diclofenac)၊ မီလိုဆီ-ကမ် (meloxicam)၊ ကီတိုပရိုဖန် (ketoprofen) နှင့် ပီရိုဆီကမ် (Piroxicam) စသည့် ဆေးများ ပါဝင်သည်။

သုတေသီများသည် ၁၉၉၀ပြည့်နှစ်များအတွင်း ဆေးရုံသို့ နှလုံးရောဂါဖြင့် ရောက်ရှိလာသော အသက်ကြီးပိုင်း လူနာပေါင်း ၁၄၀၀ နှင့် အခြားကျန်းမာသူ ၅၀၀၀တို့ကို လေ့လာရာမှ အထက်ပါတွေ့ရှိချက်ကို တွေ့ရှိရခြင်းဖြစ်သည်။ ထိုလူနာများအနက် ၁၄ရာခိုင်နှုန်းသော လူနာများသည် စတီရွိုက်ဓာတ်ပစ္စည်းမပါသော အရောင်ကျဆေးများကို စားသုံးနေကြသူများဖြစ်သည်။

ထိုလူနာအုပ်စုအနက် အင်ဒိုမက်သာဆင်ဆေး စားသုံးနေသူများသည် အခြားသောလူနာများထက် နှလုံးဖောက်လာနိုင်သော အလားအလာ သုံးဆ ပိုများသည်ဟု ဆိုသည်။

အင်တာနက်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၅-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၇:၁၅** ၄။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၆။ မြန်မာသံစဉ်ချိုနှာဝင်
- **၇:၄၀** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၄:၁၅** ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၂၅** ၅။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၃၀** ၆။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၄:၄၅** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၅:၀၀** ၈။ မျိုးချစ်တပ်မတော်
- **၅:၁၀** ၉။ ပညာခေတ်
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ" အပိုင်း(၄၅)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ကျန်းမာသုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လက်မတင်ကလေး" အပိုင်း(၇)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအကြို ချစ်ကြည်ရေးခြေစမ်းပွဲများ ဆက်လက်ကျင်းပ

ဖြည်ပြအားကစား သတင်းများ

ကီယက်ဗ် မေ ၂၉

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအကြို ချစ်ကြည်ရေးခြေစမ်းပွဲများကို တနင်္ဂနွေနေ့က ဆက်လက်ကျင်းပသည်။

ယူကရိန်း–ကော်စတာရီကာ

ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့တွင် ကျင်းပသည့် ခြေစမ်းပွဲ၌ အိမ်ရှင်အသင်းက ကော်စတာရီကာအသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ယူကရိန်းနိုင်ငံအသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ကီယက်ဗ်တွင် ကစားသည့်ပွဲ၌ ယူကရိန်းအသင်း ခေါင်းဆောင်နှင့် တိုက်စစ်မှူး အင်ဒရေ ရှက်ဗ်ချင်ကို ပါဝင်ကစားခြင်းမရှိပေ။ ၎င်းသည် ထိခိုက်ဒဏ်ရာ ရရှိထားခြင်းကြောင့် ဖြစ်သည်။ သို့ရာတွင် ယူကရိန်းအသင်းသည် ပွဲကစားချိန် ပထမပိုင်း မိနစ် ၄၀ အတွင်းမှာပင် သုံးဂိုးသွင်းယူနိုင်ခဲ့သည်။

၂၀၀၄ ခုနှစ်အတွက် ဥရောပ အကောင်းဆုံး ဘောလုံးသမားဆုရ ရှက်ဗ်ချင်ကိုသည် ယခုလအစောပိုင်းက အေစီမီလန်အသင်း ကစားသည့်ပွဲ၌ ဒူးခေါင်းထိခိုက်ဒဏ်ရာ ရရှိ၍ ပျောက်ခါစရှိသေးသည်။

အီကွေဒေါ–မက်ဆီဒိုးနီးယား

စပိန်နိုင်ငံ မဒရစ်မြို့တွင် တနင်္ဂနွေနေ့က ကျင်းပသော ချစ်ကြည်ရေးခြေစမ်းပွဲတွင် မက်ဆီဒိုးနီးယားနိုင်ငံအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အီကွေဒေါအသင်းမှ ဂိုးသွင်းကောင်းသူ ကာလို့စ်တင်နိုရီယို ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် ဂိုးသမား အက်ဒွင်ဗီလာဖာတေး တည်တည်ငြိမ်ငြိမ်မရှိခြင်းတို့ကြောင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အကြိုကာလတွင် တောင်အမေရိကတိုက်မှ ယင်းအသင်းအတွက် စိုးရိမ်ပူပန်စရာ ဖြစ်ကြရသည်။

ခရိုအေးရှား–အီရန်

ခရိုအေးရှားနိုင်ငံ အိုဆီဂျက်မြို့တွင် ကမ္ဘာ့ဖလားပွဲအကြို ချစ်ကြည်ရေးခြေစမ်းပွဲတွင် ခရိုအေးရှားအသင်းနှင့် အီရန်အသင်းတို့ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့ကြသည်။ ဒဏ်ရာရ အစားဖြည့် အချိန်ပိုတွင် မာကိုဘာဘစ်၏ ပယ်နယ်တီဂိုးရရှိ၍ ခရိုအေးရှားအသင်း သရေကျခဲ့ခြင်းဖြစ်သည်။

ခရိုအေးရှားအသင်းသည် ဇွန် ၁၃ ရက်တွင် ဘာလင်မြို့၌ ဘရာဇီးအသင်းနှင့် ကမ္ဘာ့ဖလားပွဲမကစားမီ နောက်ထပ် ချစ်ကြည်ရေး ခြေစမ်းပွဲများအဖြစ် ပိုလန်၊ စပိန်အသင်းတို့နှင့် ကစားဦးမည်ဖြစ်သည်။

အင်တာနက်။

| မေ ၂၈ရက်က နယ်သာလန်နိုင်ငံရှိ လေ့ကျင့်ရေးကွင်းတွင် သြစတြေးလျတိုက်စစ်မှူး ကီးဝဲလ်အား တွေ့ရစဉ်။ | (သတင်းစဉ်)

တိုက်စစ်မှူး ဟာရီကီးဝဲလ် လေ့ကျင့်ရေးကွင်းဆင်း

ဆစ်ဒနီ မေ ၂၉

ထိခိုက်ဒဏ်ရာရရှိခဲ့သော သြစတြေးလျတိုက်စစ်မှူး ဟာရီကီးဝဲလ်သည် နယ်သာလန်နိုင်ငံရှိ လေ့ကျင့်ရေးစခန်းတွင် ၎င်း၏ အသင်းဖော်များနှင့်အတူ တနင်္ဂနွေနေ့က လေ့ကျင့်ကစားခဲ့သည်။ ကီးဝဲလ်သည် လာမည့်လတွင် ဂျာမနီနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအစမှာပင် ကျန်းမာရေးအရ ကြံ့ခိုင်မှုရှိသည့်အနေအထားသို့ ပြန်လည်ရောက်ရှိမည်ဟု မျှော်လင့်ထားသည်။

ကီးဝဲလ်သည် ဆေးဝါးကုသမှု ခံယူနိုင်ရန် အင်္ဂလန်တွင် ဆက်လက်နေထိုင်ခဲ့ရာ သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ပြီးခဲ့သည့် ကြာသပတေးနေ့က ကျင်းပသည့် ခြေစမ်းပွဲ၌ ပါဝင်ကစားခဲ့ခြင်းမရှိပေ။ အဆိုပါ ခြေစမ်းပွဲတွင် သြစတြေးလျအသင်းက ဥရောပချန်ပီယံ ဂရိအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ **အင်တာနက်။**

မြန်မာဟော်ကီအဖွဲ့ မကာအိုသို့ထွက်ခွာ

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(ပြည်ပရေးရာတာဝန်ခံ) ဦးကျော်နိုင် ခေါင်းဆောင်သော အဖွဲ့ဝင်များအဖြစ် အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးကျော်ဌေးသိန်းနှင့် အဖွဲ့ချုပ်အမှုဆောင် ဦးကျော်မင်း (M.M.M)တို့ ပါဝင်သည့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုတွင် မေ ၂၉ ရက်မှ ဇွန် ၁ ရက်အထိ ကျင်းပမည့် အာရှဟော်ကီအဖွဲ့ချုပ်၏ နိုင်ငံကိုယ်စားပြု ဟော်ကီအသင်းများနှင့် ကလပ်အသင်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုသို့ ထွက်ခွာသွားကြရာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်(ငြိမ်း)နှင့် အမှုဆောင်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(ယာပုံ)

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့သည် မကာအိုတွင် ရှိနေစဉ်အတွင်း အာရှဟော်ကီအဖွဲ့ချုပ် အပြင် အိန္ဒိယ၊ တောင်ကိုရီးယား၊ ဂျပန်နိုင်ငံတို့နှင့် မြန်မာနိုင်ငံတွင် ဟော်ကီအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးခြားဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

စုပေါင်းစိုက်ပျိုး

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် စုပေါင်းကြက်ဆူပင် စိုက်ပျိုးပွဲကို မေ ၂၅ရက်က အင်းစိန်မြို့နယ် ဒညင်းကုန်းရပ်ကွက် အမှတ်(၁) အုတ်စက်အနီးရှိ နှစ်ဧကတွင် စိုက်ပျိုးရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ အတွင်းရေးမှူး ဦးအောင်ကိုလတ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းစိုက်ပျိုးကြစဉ်။ (၆၁)

မိုးတစ်ကြိမ် နှစ်ကြိမ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

(၃၁–၅–၂၀၀၆)

World No-Tobacco Day

(31-5-2006)

“ဆေးလိပ်ဆေးရွက်ဆွဲဆောင်အား၊ အသက်အန္တရာယ်သတိထား တွန်းလှန်နိုင်ဖို့ ဒို့ကြိုးစား”

Tobacco;deadly in any form or disguise

ကျန်းမာရေးဝန်ကြီးဌာန



မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းမည်

၂၀၀၆ခုနှစ် မေ ၂၉ ရက် မွန်းလွဲ ၂နာရီထုတ်ပြန်ချက် ယနေ့နံနက် ၉း၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကရင်ပြည်နယ်တွင် နေရာကွက်ကျား၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ မောင်တောမြို့တွင် ၄ ဒသမ ၁၇ လက်မ၊ ကျောက်တော်မြို့တွင် ၃ ဒသမ ၄၆ လက်မ၊ ကသာမြို့နှင့် ဖျာပုံမြို့တို့တွင် ၁ ဒသမ ၈၅ လက်မစီ၊ ဗန်းမော်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၁ ဒသမ ၄၅ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

၂၀၀၆ ခုနှစ် မေလ ၃၀ ရက် ညနေထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၃ ဒသမ ၁ ဒီဂရီစင်တီဂရိတ် (၉၁ ဒီဂရီဖာရင်ဟိုက်) **၂၈–၅–၂၀၀၆**

အနိမ့်ဆုံးအပူချိန် ၂၅ ဒသမ ၃ ဒီဂရီစင်တီဂရိတ် (၇၈ ဒီဂရီဖာရင်ဟိုက်) **၂၉–၅–၂၀၀၆**

၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၇၉ ရာခိုင်နှုန်း ၂၉–၅–၂၀၀၆

နေပူသည့်နာရီပေါင်း ၅ ဒသမ ၃ နာရီခန့် ၂၈–၅–၂၀၀၆

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၉–၅–၂၀၀၆	၀ဒသမ၂၀လက်မ	၀ဒသမ၂၃လက်မ	Tr လက်မ
၁–၁–၂၀၀၆ရက်မှ ယနေ့အထိ	၁၄ဒသမ၄၅လက်မ	၁၇ဒသမ၉၉လက်မ	၁၉ဒသမ၁၄လက်မ

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၈–၅–၂၀၀၆ ရက် ၁၅း၀၀နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ၉မိုင်နှုန်း တိုက်ခတ်သည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

တောက်ပသော အနာဂတ်ရည်မှန်းချက်နှင့် စပိန်



ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

ကွင်းလယ်ကစားသမား ဂါဆီယာ။

စပိန်အသင်း ခြေစစ်ပွဲအောင်ခြင်းနှင့် ပတ်သက်၍ ဓမ္မဓိဋ္ဌာန်ကျကျ ပြောရလျှင် အံ့သြစရာ မကောင်းချေ။ ၂၀၀၅ ခုနှစ် နိုဝင်ဘာလတွင် စလိုဗက်ကီးယားနှင့် အဆုံးအဖြတ် ခြေစစ်ပွဲကစားရသည်။ ၅-၁ ဖြင့်နိုင်သည်။ ဒုတိယအကျော့တွင် တစ်ဂိုးစီ သရေကျသည်။ ထိုအချိန်ကျမှ စပိန်ပရိသတ်များ သက်ပြင်းချနိုင်တော့သည်။

ဥရောပဇုန် အုပ်စု(၇)တွင် စပိန်သည် ဆာဘီးယားနှင့် မွန်တီနီဂရိုး၊ ဘော့စနီးယား၊ ဘယ်လ်ဂျီယံ၊ လစ်သူယေးနီးယားနှင့် ဆန်မာရီနိုအသင်းတို့နှင့်အတူကျသည်။ ဤကဲ့သို့သော အုပ်စုတွင် စပိန်အသင်း အုပ်စုဗိုလ်ဖြစ်ဖို့ အရမ်းခက်လိမ့်မည်ဟု လူနည်းစုလောက်ကပဲ စဉ်းစားမိကြမည်။ မည်သို့ပင်ဖြစ်စေ ဆာဘီးယားနှင့် မွန်တီနီဂရိုးအုပ်စု ဗိုလ်ဖြစ်လိမ့်မည်ဟုလည်း မည်သူမျှ ပြောကြလိမ့်မည် မဟုတ်။ ဆာဘီးယား အုပ်စုဗိုလ်ဖြစ်သွားတော့ လူတိုင်း အံ့သြကြသည်။ သို့သော်လည်း စပိန်အသင်းသည် ခြေစစ်ပွဲ၌ တစ်ပွဲမှတော့ မရှုံးခဲ့။ သရေပွဲများသောကြောင့် အုပ်စုဗိုလ် မဖြစ်ခြင်းဖြစ်သည်။ ဘော့စနီးယားကို နှစ်ပြန်နှစ်ကျော့ သရေကျခြင်းနှင့် လစ်သူယေးနီးယားကို အဝေးကွင်း၌ သရေကျခြင်းတို့မှာ အမှတ်လျော့နည်းမှုကိုဖြစ်ပေါ်စေသော အဓိကအကြောင်းရင်းဖြစ်သည်။

ဤသို့ဖြင့် စပိန်သည် ပွဲသက်ရှည်ပြီး ခွေးပိုထွက်ဖို့ အကြောင်းဖန်လာသည်။ အုပ်စု(၃)၌ ဒုတိယရသော စလိုဗက်ကီးယားနှင့် အဆုံးအဖြတ်ပွဲ ကစားခဲ့ရသည်။ နှစ်ပွဲပေါင်း ၆-၂ ဖြင့်နိုင်သောကြောင့် ဂျာမနီသွားခွင့်ရခြင်းဖြစ်သည်။

၂၀၀၄ ခုနှစ် နွေရာသီမှ စတင်ပြီး အာရာဂိုနက်စ်သည် စပိန်အသင်းနည်းပြအဖြစ် ဆောင်ရွက်သည်။ ၂၀၀၆ ခုနှစ် ကုန်ခါနီးအထိ စပိန်အသင်းသည် အောင်မြင်မှုအရသာကလေးကို တစ်ကြိမ်တစ်ခါမျှတောင် မြည်းစမ်းခွင့်မရခဲ့ချေ။ စုစုပေါင်း ခြေစစ်ပွဲ ၁၂ ပွဲကစားရသည်။ ခြောက်ပွဲနိုင်၊ ခြောက်ပွဲသရေကျသည်။ ပြိုင်ဘက်များကို အနိုင်ရအောင် ကြိုးစားကစားခဲ့သည်။

၂၀၀၆ ခုနှစ် ဂျာမနီ ကမ္ဘာ့ဖလားပြိုင်ပွဲသည် စပိန်အတွက် ရှစ်ကြိမ်ဆက်တိုက် ပါဝင်ကစားခွင့်ရခြင်း ဖြစ်သည်။ နောက်ဆုံးပါဝင်ခွင့်မရသောနှစ်မှာ ၁၉၇၄ ခုနှစ်က ဖြစ်သည်။ ထိုစဉ်ကကမ္ဘာ့ဖလားပြိုင်ပွဲကို အနောက်ဂျာမနီမြေပေါ်တွင် ကျင်းပခဲ့သည်။ ဤအချက်က စပိန်အတွက် တိုက်ဆိုင်မှုတစ်ခုဟုဆို၍ရသည်။ မည်သို့ပင်ဖြစ်စေ စပိန်သည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တစ်ကြိမ်တစ်ခါမျှ ဆုတံဆိပ်မရဖူးသေးပေ။

လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော် ၁၉၆၄ ခုနှစ်က ဥရောပချန်ပီယံ ဖြစ်ခဲ့ဖူးသည်။ ၁၉၉၂ ခုနှစ်ကလည်း အိုလံပစ်ချန်ပီယံဘွဲ့ရသည်။ ကမ္ဘာ့ဖလားနှင့် ပတ်သက်၍ ၁၉၅၀ ပြည့်နှစ်က စတုတ္ထရသည်။ အများအားဖြင့် စပိန်သည် ဒုတိယရှုံးထွက်အဆင့်အထိ ရောက်လေ့ရှိသည်။ ၁၉၉၄ ခုနှစ် အမေရိကန်ကမ္ဘာ့ဖလားနှင့် ၂၀၀၂ ခုနှစ် ကိုရီးယား-ဂျပန် ကမ္ဘာ့ဖလားပြိုင်ပွဲများတွင် ကွာတားဖိုင်နယ်အထိ ရောက်ခဲ့သည်။ ၂၀၀၂ ခုနှစ်က ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် ရှုံးပြီးထွက်ရသည်။

စပိန်အသင်းသို့ ရောက်ပြီးနောက် နည်းပြဆရာ အာရာဂိုးနက်စ်သည် ပြုပြင်ပြောင်းလဲမှုလုပ်သည်။ အသင်း၏ လူရွေးချယ်မှုကို စတင်ပြောင်းသည်။

ဂမ်ဆိုင်း

လူငယ်သွေးသစ်များနှင့် အသင်းကို ပြန်လည်ရှင်သန်စေသည်။ သူ၏ ကိုယ်ပိုင်အတွေးအခေါ် အယူအဆများကိုလည်း အသင်း၌ မွေးမြူပျိုးထောင် ပေးသည်။ "ဘောလုံးရော ကစားပွဲပါ ထိန်းချုပ်ရမယ်"ဟု သူ၏ လူငယ်ကစားသမားများကို သွန်သင်ပေးသည်။ ဂိုးရရန် ကွင်းလယ်ကို အက်စ်ဗစ်နှင့်အလွန်ဆို၊ ဒေးဗစ်အဲလ်ဘယ်လ်ဒါတို့အား တာဝန်ပေးထားသည်။ ကွင်းလယ်သမားအားလုံး နည်းပြဆရာ၏ ရည်ရွယ်ချက်အပေါ် တဖြည်းဖြည်း နားလည်သဘောပေါက်လာကြပြီဖြစ်သည်။

ရှေ့တန်း တိုက်စစ်မှူးများမှာ ရာအူးလ်ဂွန်ဇာလက်နှင့် တော်ရက်(စ်)တို့ဖြစ်သည်။ ခြေစစ်ပွဲတစ်လျှောက် သွင်းခဲ့သော ၂၅ ဂိုးတွင် သူတို့နှစ်ဦးက ၁၀ ဂိုးသွင်းခဲ့ကြသည်။ ရသော အခွင့်အရေး၌ သူတို့၏ အဆုံးသတ်ဂိုးသွင်းချက်များက တန်ဖိုးရှိလှသည်။ သို့သော် နှစ်ဦးစလုံးက သိပ်အလေးအနက်မထားကြ။ ထို့အပြင် အသင်းကို ဦးဆောင်လှုံ့ဆော် ကစားရန်အတွက် အားနည်းသူနှစ်ယောက်ရှိသေးသည်။ နှစ်ဦးစလုံး တိုက်စစ်အားကောင်းသူများဖြစ်သည်။ မိုရီယန်တက်စ်နှင့် ဂါဆီယာတို့ဖြစ်သည်။ လူငယ်ဂိုးသမားကာဆီလက်ကို ပထမဂိုးသမားအဖြစ် ရွေးချယ်ထားသည်။ အတွေ့အကြုံ အများအပြားရှိနေပြီဖြစ်သည်။ နောက်တန်းညာဘက်တွင် သက်လုံကောင်းသော မိုက်ကယ်ဆဲလ်ဂါနို၊ ဘယ်ဘက်မှာ ပြတ်ပြတ်သားသား လုပ်ရဲကိုင်ရဲရှိသော အာဆီရာဒဲလ်ဟောနိုတို့ရှိသည်။ နောက်တန်းအလယ်ကြော၌ ကာလက်စ်ပူးယိုနှင့် ဆာဂျီအိုရာမို့စ်တို့ ကစားကြမည်။

စပိန်အသင်းအတွက် စိုးရိမ်စရာအကောင်းဆုံး အချက်တစ်ချက်မှာ ပြိုင်ပွဲအတွေ့အကြုံနှင့် ရင့်ကျက်မှုမရှိသေးခြင်း ဖြစ်သည်။ အချိန်မီဆောင်ရွက်ပေးရမည်ကို နည်းပြဆရာကောင်းစွာသိသည်။ သို့သော်လည်း အာရာဂိုးနက်စ် လက်ထက်မှာ လူငယ်များ မတိုးတက်ဟု လူအချို့က ကန့်ကွက်ပြောဆိုကြသည်။ သူ စတင်တာဝန်ယူချိန်၌ ခြေစစ်ပွဲအောင်ရမည်ဟု ကတိပေးဖူးရာ ယခုပြောသည့်အတိုင်း ဖြစ်ခဲ့သည်။ ခက်ခဲသော ပြိုင်ပွဲတစ်ခု သူကိုယ်တိုင် သတ်မှတ်ထားသည်။ မကြာမီ ယင်းရည်မှန်းချက် အောင်မြင်အောင် အကောင်အထည် ဖော်ရတော့မည်။ စပိန်ပရိသတ်အသည်းစွဲ အသင်းခေါင်းဆောင် ရာအူးလ်က "လက်ရွေးစင်အသင်းမှာ ကစားနေတာ ကိုးနှစ်ရှိပြီ။ ဒီတစ်ခါလောက် ကစားသမားကောင်းများတာမျိုး မတွေ့ဖူးဘူး။ အောင်မြင်မှုရဖို့ ကျွန်တော်တို့တစ်တွေ ကမ္ဘာ့ဖလားပြိုင်ပွဲကို သွားကြရတော့မယ်"ဟု ထုတ်ဖော်ပြောကြားသည်။ ။

စပိန်နိုင်ငံ လက်ရွေးစင်ဘောလုံးအသင်းအား တွေ့ရစဉ်။

ကွယ်လွန်သူ နှစ်ဖက်သော မိဘများနှင့် ခင်ပွန်း ဦးသောင်းညွန့်၊ သားကြီး ဗိုလ်ရဲအောင် (D.S.Aအပတ်စဉ်-၉)တို့အား ရည်စူး၍ ရန်ကုန်မြို့ လှိုင်မြို့နယ် ဦးချစ်မောင်လမ်းနေ ဒေါ်ညွန့်စိန်နှင့် သားသမီးမြေးတစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်နှစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဦးသီလစာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက် ဓမ္မပါလ သပြေဗိမာန်တော်ကြီး တည်ဆောက်ရေးအတွက် ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းနေ ဒေါ်အမာနှင့် သမီး ဒေါ်နုနုအေး၊ ဒေါ်ဆွေဆွေမာ မိသားစုတို့က ခင်ပွန်း ဦးကိုကိုနှင့် သား မောင်စောလွင်တို့အား ရည်စူး၍ အလှူတော်ငွေကျပ် သိန်း ၃၀ကို သာသနာ့ပါလကအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မဓဇဗောဓိကရေ ဦးခင်လှထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း (တာမွေလေးသံလမ်းအနီး)တွင် ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ်ဆေးခန်းအတွက် ရန်ကုန်မြို့ (၄၉)လမ်းနေ ကွယ်လွန်သူ ဒေါ်မြင့်မြင့်ကြည်အား ရည်စူး၍ ခင်ပွန်း ဦးတင့်လွင်(ရွှေဘုန်းပွင့်စေတီတော်ဂေါပကဥက္ကဋ္ဌ)၊ သား ကျော်သူလွင်၊ သမီးနှင်းနှင်းလွင် မိသားစုက အလှူတော်ငွေ ကျပ်တစ်သိန်း လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (၅၃၅)

အင်းစိန်မြို့ ပေါက်တောရပ်ကွက် လှိုင်မြစ်လမ်းနေ ဒေါ်ခင်ညွန့် မိသားစုက အလှူငွေ ကျပ်တစ်သိန်းကို အင်းစိန်မြို့ ကွက်သစ်ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌ(၂) တွဲဖက်ဘဏ္ဍာရေးမှူး(၂) ဦးစိုးမြင့် လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)



- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ် နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော် ကြည့်ရှုရလာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာရေးအတွက် စာရေးသူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကျိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းပေးထားသည့် —

စိုးမြကျော် ၏

အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်
ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀)၊ ရောင်းဈေး ၂၀၀/-

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၁၄၄၈၊ ၂၄၉၀၃၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ ၂၁၂ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၄၃၀၆

နှစ်ဖက်မိဘများနှင့် ခင်ပွန်း ဦးသိန်းဟန်၊ သား မောင်မင်းဟန်နှင့် မောင်မျိုးဟန်တို့အား ရည်စူး၍ မရမ်းကုန်းမြို့နယ် (၈)မိုင် မြိုင်ဟေဝန် အိမ်ရာနေ ဒေါ်လှသိန်းမိသားစုက ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပ မြို့နယ် ဥက္ကလာပစေတီတော်ကြီး၏ စိန်ဖူးတော်အတွက် အလှူတော်ငွေ ကျပ်နှစ်သိန်းကို မေ ၂၈ ရက်က ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် ဂေါပကအဖွဲ့ဝင်များ လက်ခံစဉ်။ (၆၄)

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် မေ ၂၆ ရက်က ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်နေ အသက် (၇၆)နှစ် မွေးနေ့ အထိမ်း အမှတ်အဖြစ် အလှူရှင် ဒေါ်ရှုကြည်မိသားစုက ငွေကျပ် ၂၅ သိန်း ပေးအပ် လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူစဉ်။ (၁၀၇)

အောင်ပန်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသာသန အား ရည်စူး၍ ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံကြီးသို့ အောက်စီဂျင် ပေးစက် တန်ဖိုးငွေ ကျပ် ၂၁၃၀၀၀၀ ကို ကလေးအထူးကု ဆရာဝန် ဒေါက်တာအောင်မြလွင်ထံ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အောင်ပန်းကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တဓမ္မပါလနှင့် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တကုဏ္ဍကတို့ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၂၉

ရန်ကုန် အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့၏ ၂၀၀၆-၂၀၀၇ ခုနှစ် ပညာသင် ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီတွင် မြို့နယ် ရဲတပ်ဖွဲ့မှူး ရုံးခန်းမ၌ကျင်းပရာ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဝင်းက အမှာစကား ပြောကြားပြီး ကျောင်း သား၊ ကျောင်းသူ ၁၂၄ ဦးအတွက် ပညာသင်ထောက်ပံ့ ကြေးငွေ ကျပ် ၁၉၀၅၀၀ နှင့် ကျောင်း သုံးဗလာစာအုပ်၊ ခဲတံ တန်ဖိုးငွေ ၉၇၉၅၂ ကျပ်ကို မြို့နယ် ရဲတပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌ ဒေါ်လွင်လွင်အောင်သို့ လွှဲပြောင်းပေးအပ်သည်။**(အပေါ်ယာပုံ)** (က-ပ)

ရိပ်သာအုတ်တံတိုင်းအတွက် လှူဒါန်းနိုင်

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ် (၅) မေခလမ်း သစ်ဆိမ့်ကုန်းရပ်၌ တည်ဆောက်လျက်ရှိသော မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရ ရိပ်သာ မဟာရံအုတ်တံတိုင်းများ တည်ဆောက်နိုင်ရန် တစ်ခန်းလျှင် အလှူငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်းနှင့် ဆရာတော် ဖုန်း-၀၉-၅၁-၃၇၀၈၆ နှင့် ဦးတင့်လွင် ဖုန်း-၀၉-၅၀၀၄၅၅၂၊ ၆၃၈၁၁၄၊ ၃၈၂၇၅၆၊ ဦးငွေးမြင့် ဖုန်း-၆၆၁၃၄၄၊ ဦးကျော်မင်း ဖုန်း-၆၆၁၅၅၃၊ ဦးမြင့်မောင် ဖုန်း-၇၂၆၅၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

စော်ဘွားကြီးကုန်းပွဲရုံနှင့် ယာဉ်ရပ်နားစခန်းမိသားစု ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၂၉

စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင် ယာဉ်ရပ်နားစခန်းမိသားစု၏ ပထမ အကြိမ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ယမန် နေ့က မင်္ဂလာဒုံမြို့နယ် ဒဂုံဂေါက်ကွင်း တွင် ကျင်းပသည်။

ပြိုင်ပွဲသို့ ပွဲရုံသာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်အောင်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမား ၂၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ညနေပိုင်းတွင် ဆုပေးပွဲကိုကျင်းပရာ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များနှင့် စခန်းတာဝန်ခံ အရာရှိ ဦးမြကြိုင်တို့က ဆုများ ပေးအပ် ချီးမြှင့်သည်။ (ကြေးမုံ)

သစ်တော သစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ပဲခူးတိုင်းအတွင်းရှိ စားသောက်ကုန်စက်ရုံများ ဝန်ကြီး ဦးအောင်သောင်း လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့တွင် ပဲခူးတိုင်း ပဲခူးမြို့ရှိ ဝင်းသူဇာအရောင်းဆိုင်သို့ရောက်ရှိ၍ စက်မှု(၁) ထုတ်ကုန်ပစ္စည်းများရောင်းချမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဒိုက်ဦးမြို့ရှိ မြန်မာ့စားသောက်ကုန်လုပ်ငန်း၏ ဒိုက်ဦးကော်မှုန့်စက်ရုံသို့ ရောက်ရှိ၍ စက်မှုကုန်ကြမ်းသီးနှံ ပီလောပီနံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက မြေလွတ်မြေလပ်မကျန် တစ်အုပ်တစ်မ စိုက်ပျိုးသွားရေး၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းပြီး စက်မှုသီးနှံပင်များ ဖြစ်ထွန်းအောင်မြင်ရန် စနစ်တကျ စီမံကွပ်ကဲ စိုက်ပျိုးသွားရေး၊ အထူးသဖြင့် လစ်ဟာလျက်ရှိသော မြေရိုင်းများကို ဖော်ထုတ်ပြီး ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးသွားရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်းရှိ ဘွိုင်လာဌာနကို လည်းကောင်း၊ စက်ရုံတိုးချဲ့တည်ဆောက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ စက်ပစ္စည်းကိရိယာများကြံ့ခိုင်ရေးဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံရှင်းလင်းဆောင်ဌတာဝန်ရှိသူများနှင့် တွေ့ဆုံကာလုပ်ငန်းစစ်ဆေးချက်မှ တွေ့ရှိရသော အားသာချက်၊ အားနည်းချက်များနှင့် စပ်လျဉ်း၍ ပြုပြင်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။



ယင်းနောက် ဝန်ကြီးသည် ဇေယျဝတီမြို့ရှိ မြန်မာ့စားသောက်ကုန်လုပ်ငန်း၏ ဇေယျဝတီအရက်ချက်စက်ရုံ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဝန်ထမ်းရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာလိုအပ်ချက်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဇေယျဝတီ သကြားစက်ရုံသို့ ရောက်ရှိ၍ စက်များ ကြံ့ခိုင်ရေး ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ကြံရာသီကုန်ဆုံးပြီးနောက် စက်များကြံ့ခိုင်မှု ဆောင်ရွက်ရာ၌ မဖြစ်မနေလဲလှယ်ရမည့် စက်အရန်ပစ္စည်း Cane Carrier Chain Slat နမူနာကိုလည်းကောင်း၊ ကြိတ်လုံးများ (Roller Shell) ၏ အခြေ

စာမျက်နှာ ၉ ကော်လံ ၇ သို့ ☆

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ပဲခူးတိုင်း ဇေယျဝတီမြို့ မြန်မာ့စားသောက်ကုန် လုပ်ငန်း၏ ဇေယျဝတီသကြားစက်ရုံ၌ စက်များ ကြံ့ခိုင်ရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု)

NLD ပါတီသည် တိုင်းပြည်နှင့်လူမျိုးအတွက် အချိန်အခါ၊ အခြေအနေနှင့် မကိုက်ညီသည့်လုပ်ရပ်များလုပ်နေ အာဏာရရေးကို အဓိကထား ကိုယ်ကျိုးအတ္တကြီးမားသည့် NLD ပါတီအပေါ် လုံးဝ စိတ်ဝင်စားမှုမရှိတော့ ယုံကြည်ချက် ခံယူချက်များ ပြောင်းလဲချိန်တန်ပြီဖြစ်၍ မြစ်ကြီးနားမြို့နယ် NLD ပါတီဝင် ၅၄ ဦး နုတ်ထွက်

ရန်ကုန် မေ ၂၉

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် မြစ်ကြီးနားမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အလုပ်အမှုဆောင်သုံးဦးနှင့် ပါတီဝင် ၅၁ဦး စုစုပေါင်း ၅၄ဦးတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများ ပေးပို့အကြောင်းကြားခဲ့သည်။ ထို့နောက် အဆိုပါမြစ်ကြီးနားမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နုတ်ထွက်သူ ၅၄ ဦးတို့သည် ၎င်းတို့နုတ်ထွက်လွှာများကို မေ ၁၀ ရက် နံနက် ၉ နာရီ မိနစ် ၂၀ တွင် မြစ်ကြီးနားမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံးသို့လာရောက်ပေးအပ်ကြပြီး နုတ်ထွက်လွှာများ စုပေါင်းပေးအပ်သည့်အခမ်းအနားကို ကျင်းပခဲ့သည်။

ဆောင်ရွက်

အခမ်းအနားသို့ မြစ်ကြီးနားမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် နုတ်ထွက်သူများအပါအဝင် စုစုပေါင်းအင်အား ၁၀၀ တက်ရောက်ကြပြီး မြစ်ကြီးနားမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးခင်မောင်ဝင်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အခမ်းအနားတွင် နုတ်ထွက်လွှာပေးအပ်သူ ၅၄ ဦး၏ကိုယ်စား မြစ်ကြီးနားမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင် ဦးအောင်ငြိမ်းက နုတ်ထွက်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားရာတွင် ၎င်းအပါအဝင် ၅၄ ဦးသည် ၎င်းတို့ဆန္ဒအလျောက် နုတ်ထွက်လွှာတင်သွင်းခြင်းဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရသည် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး တိကျခိုင်မာသည့်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်ကာ နေ့မအား၊ ညမနား ဆောင်ရွက်နေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရကြောင်း၊ နိုင်ငံတော်၏

စာမျက်နှာ ၉ ကော်လံ ၅ သို့ ✧

ယနေ့မိုးလေဝသ

(၁၀-၅-၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

အ င် တ ာ န က် သ တ င် း

ထိုင်းမြောက်ပိုင်း၌ နှစ် ၆၀ အတွင်း အဆိုးရွားဆုံး ရေကြီးခဲ့ ယခုနှစ်အတွင်း လာနီညာကြောင့် ရေကြီးမည်ဟု သတိပေး

ဗန်ကောက် မေ ၂၉

ပူအိုက်စွတ်စိုသော လာနီညာ ရာသီဥတု၏ သက်ရောက်မှုကြောင့် ယခုနှစ်တွင် ထိုင်းနိုင်ငံ၌ ဆိုးရွားသော ရေကြီးမှု အခက်အခဲများနှင့် ကြုံရနိုင်ကြောင်း သဘာဝဘေးဒုက္ခဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးက သောကြာနေ့တွင် သတိပေးစကား ပြောကြားခဲ့သည်။

ပြီးခဲ့သော သီတင်းပတ်အတွင်းက ထိုင်းနိုင်ငံမြောက်ပိုင်းတွင် နှစ် ၆၀ အတွင်း အဆိုးရွားဆုံး ရေကြီးမှုနှင့် ကြုံတွေ့ခဲ့ရပြီး အနည်းဆုံးလူ ၆၂ ဦး အသက်ဆုံးခဲ့ရသည်။ ထိုအဖြစ်အပျက်ပေါ်ပေါက်ခဲ့ပြီးနောက်တွင် ယခုသတိပေးမှုထွက်ပေါ်လာခြင်းဖြစ်သည်။

ယခုနှစ် မုတ်သုံရာသီအစပိုင်းမှာပင် ထိုင်းနိုင်ငံအတွင်း၌ မိုးသည်းထန် ရေကြီးသည့်အဖြစ်နှင့် ကြုံရသည်သာမက ထိုင်းနိုင်ငံတောင်ပိုင်း ရော်ဘာစိုက်ပျိုးရာနေရာများအထိပင် မိုးရွာသွန်းခဲ့သည်။ ထိုင်းနိုင်ငံတောင်ပိုင်းသည် ပုံမှန်အားဖြင့်ဆိုလျှင် အောက်တိုဘာလလောက်တွင်မှ မိုးရွာလေ့ရှိသည်။ ၂၀၀၆ ခုနှစ်သည် ထိုင်းနိုင်ငံအတွက် မိုးများပြီး ရေကြီးမည့် နှစ်ပင်ဖြစ်သည်ဟု

စာမျက်နှာ ၉ ကော်လံ ၇ သို့ ❍

ထိုင်းနိုင်ငံမြောက်ပိုင်း ဥတာရာဒစ်ပြည်နယ်၌ ရေကြီးနေသည်ကို မေ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)